မြဝတီ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 March 2025 ၁၁၇၆

ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်းအဖြစ်ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့်ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်

(၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ
တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား

ယနေ့ ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့နေ့ထူးနေ့မြတ်၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးရှိ မွန်တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနား တက်ရောက်

မော်လမြိုင် မတ် ၁၈

၂၀၂၅ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာအဖွဲ့များက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် စာမျက်နှာ ၄ ကော်လံ ၁ သို့ ○

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



ယနေ့ ဖတ်စရာ

ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့

ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို လေ့လာဆန်းစစ်ခြင်းစီမံကိန်း အောင်မြင်ပြီးမြောက်

စာမျက်နှာ » ၉

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာ ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိ

စာမျက်နှာ » ၁၀

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပို့ကုန်မြှင့်တင်ရေးကိုဦးစားပေး

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ဈေးကွက်နှင့် ကုန်စည်စီးဆင်းမှု ချောမွေ့လွယ်ကူရေးသည် အရေးကြီးသောကဏ္ဍများဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံပြီး ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်ပပို့ကုန်၊ သွင်းကုန်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဆိပ်ကမ်းလုပ်ငန်းများသည် အရေးပါသောကဏ္ဍဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၁၅ ရက်နေ့က ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ပြည်ပပို့ကုန်မြှင့်တင်တင်ပို့နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်အခြေအနေများကို အသေးစိတ်ပြောကြားခဲ့သည်။

"မိမိတို့နိုင်ငံမှ ဆိပ်ကမ်းသည် အရှေ့တောင်အာရှတွင် ပို့ကုန်များ အဓိကတင်ပို့သည့် ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့ကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးတို့ကြောင့် ပို့ကုန်များတင်ပို့မှုလျော့နည်းလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများ၊ ကန့်သတ်ချက်များကို ကျော်လွှား၍ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သင်္ဘောများဆိုက်ကပ်ခွင့် ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌ မျှ၍ဆိုက်ကပ်ခွင့်ပေးရန်လိုကြောင်း၊ ဝင်ရောက်လာသည့် သင်္ဘောအမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း" ပြောကြားခဲ့သည်။

ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်မြှင့်တင်ရန်လိုသည်။ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ အဓိကအားဖြင့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့ရန်နှင့် စက်မှုစိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များကို တင်ပို့ပြီး ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဈေးကွက်ရှိပြီး ရော်ဘာနှင့်ကော်ဖီကဲ့သို့ ထုတ်ကုန်များ အရည်အသွေးပြည့်မီစွာ တန်ဖိုးမြင့်ထုတ်လုပ်နိုင်ရေး စိုက်ဧကများ တိုးချဲ့ဆောင်ရွက်သွားရန်လိုသည်။

ပို့ကုန်များ တိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုပြီး အထွက်နှုန်းကောင်းမွန်မှ ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်ဖြစ်သည်။ ဆီထွက်သီးနှံများကိုလည်း ပိုမိုတိုးတက်အောင် ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းနေမှုကို လျော့ချနိုင်မည်ဖြစ်သည်။ ပြောင်းကုန်ကြမ်းများကိုလည်း ကုန်ကြမ်းအစား တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး အဆင့်ဆင့်ပြောင်းလဲဆောင်ရွက်သွားရန်လိုသည်။ သို့မှသာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

ဆန်နှင့်ပတ်သက်၍ အရည်အသွေးပြည့်မီသောဆန်များကို ကြိတ်ခွဲထုတ်လုပ်နိုင်ရန်လိုပြီး တန်ဖိုးမြင့်ပြီး အရည်အသွေးပြည့်မီသည့်ဆန်များ တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ သီးထပ်စိုက်ပျိုးရေးကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ နှစ်ဆတက်လာမည်ဖြစ်ပြီး ကုန်ချောထုတ်ကုန်များလည်း တိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့မှု ကန့်သတ်ထားခြင်းမရှိသဖြင့် ပြည်ပနိုင်ငံများသို့ လျင်မြန်ချောမွေ့စွာတင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်လိုသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ရည်မှန်းချက်အတိုင်း ထုတ်လုပ်နိုင်ရန် အခြေခံကောင်းများရှိပြီးဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီ မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပနိုင်ငံများသို့ ဆိပ်ကမ်းများမှ လွယ်ကူချောမွေ့စွာ တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စနစ်တကျ ဆောင်ရွက်သွားရန်လိုသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမြှင့်တင်ရေးကို အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးကဏ္ဍ၌ ခိုင်မာတောင့်တင်းသည့် လုပ်ငန်းရှင်များကလည်း နိုင်ငံတော်နှင့် ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်လာရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ၎င်းတို့ကို အခြေခံသည့် ထုတ်ကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍများ၌ ပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားတက်သရော ဦးစားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာ မာရီယို ဟိုဆေး အာမန်ဂိုလ် ကမ်းပို့စ်အား ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နိကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာ မာရီယို ဟိုဆေး အာမန်ဂိုလ် ကမ်းပို့စ်အား ခန့်အပ်ရန် နိကာရာဂွါသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ မာရီယို ဟိုဆေး အာမန်ဂိုလ် ကမ်းပို့စ်အား ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် နိကာရာဂွါသမ္မတနိုင်ငံ ချွန်တာလက်စ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် နိကာရာဂွါသမ္မတနိုင်ငံ မာနာဂွါမြို့ရှိ နိကာရာဂွါအမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်မှ သံတမန်ရေးရာနှင့် နိုင်ငံရေးရာသိပ္ပံဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း၊ လူမှုဗေဒနှင့် ဖွံ့ဖြိုးရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကို ၂၀၂၂ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့ပါသည်။ ၎င်းသည် ၂၀၂၃ ခုနှစ် မေလမှ ၂၀၂၄ ခုနှစ် မေလအထိ ဒိုမီနီကန်သမ္မတနိုင်ငံဆိုင်ရာ နိကာရာဂွါသံရုံး၌ သံရုံးယာယီတာဝန်ခံနှင့် သံမှူးကြီးအဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်မှ ယနေ့အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နိကာရာဂွါသံအမတ်ကြီးနှင့် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံဆိုင်ရာ ပူးတွဲတာဝန်ယူဆောင်ရွက်သည့် နိကာရာဂွါသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၈ - ၃ - ၂၀၂၅

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၃၀၀	၇,၃၀၀	၆၇၀	၄,၈၃၁,၀၀၀
MTSH	၃,၀၅၀	၃,၁၅၀	၁,၃၈၃	၄,၂၆၆,၁၅၀
MCB	၇,၆၀၀	၇,၆၀၀	၃၀	၂၂၈,၀၀၀
FPB	၁,၈၀၀	၁,၈၀၀	၃၈၉	၇၀၀,၂၀၀
TMH	၂,၈၅၀	၂,၈၅၀	၁၇၃	၄၉၃,၀၅၀
EFR	၁,၆၀၀	၁,၆၀၀	၉၆၀	၁,၅၁၃,၅၀၀
AMATA	၄,၀၀၀	၄,၀၀၀	၈၀	၃၂၀,၀၀၀
MAEX	၃,၂၀၀	၃,၂၅၀	၇၆၇	၂,၄၇၇,၂၅၀
MADPL(PLB)	၃,၁၀၀	၃,၁၀၀	၂၁	၆၅,၁၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ဝင်္ကြားမှူး

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရွှေဖုံးမှ

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးရောက်ရှိနေထိုင်ခဲ့သော လူမျိုးများတွင် ပါဝင်ပြီး ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာကို ဦးဦးဖျားဖျားရရှိခဲ့ကြောင်း ရှေးဟောင်းမွန်ကျောက်စာများနှင့် စာပေအထောက်အထားများစွာမှ သက်သေခံလျက်ရှိပါသည်။ ထို့အပြင် မြတ်စွာဘုရားရှင်ပွင့်တော်မမူမီကတည်းက သထုံဒေသဝန်းကျင်တွင် သုဓမ္မဝတီတိုင်းပြည်အဖြစ် ထူထောင်ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် အနုသုခုမ ပညာရပ်များကို ထိန်းသိမ်းပြီး ရာမညတိုင်းအဖြစ် ဂုဏ်ကျက်သရေ တင့်တယ်စွာ ရပ်တည်ခဲ့သည်ကိုလည်း တွေ့ရပါသည်။

သီဟသုဓမ္မမင်း၊ မနူဟာမင်းစသည့် ထင်ရှားကျော်ကြားသော သာသနာပြု မင်းကောင်းမင်းမြတ်များ၊ ဝေါဆရာတော်ဦးဥတ္တမရမ္ဘ၊ ဦးသီလဝန္တ (မင်းရွှေဝို့)စသည့် ကျမ်းဂန်တတ်ရဟန်းပညာရှိများ၊ ပထမဆုံး အနောက်တိုင်းဆေးပညာရှင် ဒေါက်တာရှောလူး၊ သိပ္ပံမောင်ဝ၊ ဒေါက်တာနိုင်ပန်းလှ၊ ဒေါက်တာမင်းတင်မွန် စသည့်ပညာရှိများနှင့် စာပေပညာရှင်များ၊ ရာဇဓိရာဇ်၊ လဂွန်းအိမ်၊ သမိန်ဗရမ်းစသည့် သူရဿတ္ထိနှင့်ပြည့်စုံသော သူရဲကောင်းများ ပေါ်ထွန်းခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် မွန်ပြည်နယ်အား ၃၀-၄-၂၀၂၂ ရက်နေ့မှစ၍ ခရိုင်(၄)ခုနှင့် မြို့နယ် (၁၀)ခုတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ်သည် အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မုတ္တမကွေ့၊ မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ပထဝီအနေအထားအရ အဓိကကျစွာ တည်ရှိနေပါသည်။ ကွန်ရက်သဖွယ် စီးဆင်းနေသော သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်နှင့် ဒုံသမိမြစ်တို့ဖြင့် ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာတွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ကုန်ကူးသန်း ရောင်းဝယ်ရေးအတွက် အရေးပါသော ဗဟိုဆိပ်ကမ်းနေရာတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ရာသီဥတုမျှတကောင်းမွန်ပြီး ရှုမောဖွယ်ရာ တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သဘာဝရေမြေသယံဇာတများ၊ ဒေသထွက်သစ်သီးဝလံများ ပေါများဖြစ်ထွန်းကြွယ်ဝပြီး ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း မွန်ပြည်နယ်တွင် ထူးခြားထင်ရှားသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး အပါအဝင် ကျိုက်ပေါလောမဲ့ရှင်တော်ဘုရား၊ ဆံတော်ရှင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး၊ ကျိုက်မရော ဆုတောင်းပြည့်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရား စသည့် သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများစွာတို့ဖြင့် သာသနာ့ဂုဏ်ရောင် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရာ နေရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားတွေ့မြင်ရသည်မှာလည်း ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နမများ ခင်ဗျား

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာ ပြည့်ဝခြင်းတို့သည် မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။

စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို ခိုင်မာတောင့်တင်းစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေပါသည်။ မျက်မှောက်ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကိုကြည့်ပါက စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာ တည်ဆောက်ထားကြသည်ကို တွေ့ရှိနိုင်ပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဟူသော စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မျက်မှောက်ကာလ မိမိတို့နိုင်ငံ၏ အခြေအနေမှာ တည်ဆောက်ရေးကို မလုပ်နိုင်ဘဲ တိုင်းဖျက်ပြည်ဖျက်ရန်ကို ပြည့်အင်အားဖြင့် ကြိုးစားကာကွယ်နေကြရသဖြင့် တည်ငြိမ်အေးချမ်းမှု အားနည်းပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးနေဆဲ ဖြစ်နေပါသည်။

> **“ယနေ့ လက်နက်ကိုင်တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပတ်သက်သူများကိုလည်း ပြည်သူများဒုက္ခရောက်စေပြီး နိုင်ငံကိုအန္တရာယ်ကျရောက်စေမည့် လုပ်ရပ်များကို နိုင်ငံနှင့်ပြည်သူအကျိုးရှေးရှု၍ ရပ်တန့်ပေးကြရန် အသိပေးမှာကြားလိုပါသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်း”**

ယနေ့ လက်နက်ကိုင်တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပတ်သက်သူများကိုလည်း ပြည်သူများ ဒုက္ခရောက်စေပြီး နိုင်ငံကို အန္တရာယ်ကျရောက်စေမည့် လုပ်ရပ်များကို နိုင်ငံနှင့်ပြည်သူအကျိုးရှေးရှု၍ ရပ်တန့်ပေးကြရန် အသိပေးမှာကြားလိုပါသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နမများ ခင်ဗျား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော၊ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးကို သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်လျက်ရှိသော နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပစ္စုပ္ပန်ကာလ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်မှာ ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင် စားသောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နမများအား လုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုဇြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းစဉ်များ အချိန်တိုအတွင်းတွင် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ ဒေသအလိုက် သဘာဝထွက်ကုန်ကြိမ်များကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSME များကို အားပေးမြှင့်တင်လျက် ရှိပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်သည့်အတွက် အဆိုပါ လုပ်ငန်းများအား ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ရေခံမြေခံကောင်းမွန်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသော မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ကာ လူမှုစီးပွားဘဝ ယခုထက်ပိုမို၍ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီ နိုင်ငံသစ်တည်ဆောက်ရာတွင်လည်းကောင်း တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ ပြည့်ဝရေးသည် အဓိကကျပါသည်။ ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဓာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့်ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါများရေးဟူသည့် ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ပြီး လိုအပ်ချက်များဖြည့်ဆည်းပေးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟုလါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်မှာ မလွဲဧကန် ပင်ဖြစ်ပါသည်။

အနာဂတ်တွင် ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးသာယာဝပြောသော တိုင်းပြည်ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်း အဖြစ်ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့် ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးသည် စိတ်ဓာတ်ကောင်းမွန်ကြပြီး အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားများဖြင့် စည်းလုံးညီညွတ်စွာ အတူလျှောက်လှမ်းကြမည်ဆိုပါက ပြည်ထောင်စုကြီး၏ ရှေ့ခရီးသည်လည်း အစဉ်ချောမွေ့သာယာနေမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့ကျရာ ကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံကာ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထား တိုက်တွန်းလျက် ယနေ့ကျရောက်သည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❍ နိုင်ငံတော်မှ

(၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းဆိုင်များ ခင်းကျင်းပြသမှု ရည်ရွယ်ချက်၊ ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဌေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တို့နှင့်အတူ ပြခန်းဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မျိုးစေ့ချကိရိယာချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး မြို့နယ်အလိုက် တောင်သူများထံသို့ မျိုးစေ့ချကိရိယာများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။



ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းပြခန်းများ ခင်းကျင်းပြသ ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြခန်းများကို

> နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဌေး မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းပြခန်းများ ခင်းကျင်းပြသ ရောင်းချနေမှုများကို ကြည့်ရှုအားပေးစဉ်။

မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ အစားအစာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်၍ ခင်းကျင်းပြသခြင်းဖြစ်ပြီး လယ်ယာကဏ္ဍကြီး ပြခန်း ကိုးခန်း၊ စက်မှုကဏ္ဍကြီး ပြခန်း ၁၀ ခန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး ပြခန်း ကိုးခန်း၊ ပညာရေးပြခန်း ခုနစ်ခန်း၊ ကျန်းမာရေး ပြခန်း ရှစ်ခန်း၊ အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်း ၂၁ ခန်း အပြင် မြန်မာ့သနပ်ခါးကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ပြခန်းကိုလည်း ထည့်သွင်းပြသထားကြောင်း သိရသည်။

သတင်းစဉ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး AI နည်းပညာဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် မတ် ၁၈

Artificial Intelligence (AI) နည်းပညာဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက AI နည်းပညာသည် လူသားများ၏ ဘဝနေထိုင်မှုပုံစံအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် နည်းပညာရေစီးကြောင်းတွင် နောက်ကျမကျန်ခဲ့စေရန်အတွက် ဉာဏ်ရည်တုနည်းပညာ (AI) နှင့် ပတ်သက်သည့် အသိပညာပေးဆွေးနွေးခြင်းကို ကျင်းပပေးခြင်းဖြစ်ကြောင်း။

AI နည်းပညာအသုံးပြု၍ လုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သကဲ့သို့ တစ်ဖက်တွင်လည်း ကျင့်ဝတ်ပိုင်းဆိုင်ရာစိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများရှိနိုင်ကြောင်း၊ သတင်းအချက်အလက်လုံခြုံမှုရှိရေးကို ဂရုပြုရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာပေးခြင်းဖြင့် ဝန်ထမ်းများအတွက် AI ၏ အခြေခံသဘောတရားများ၊ နိုင်ငံတကာတွင် AI နည်းပညာအသုံးချမှုများ၊ AI စွမ်းဆောင်ရည်များ၊ AI Tools များကို အသုံးချ၍ တီထွင်ဖန်တီးမှုများ၊ Ethical ဆိုင်ရာကျင့်ဝတ်များ၊ စံသတ်မှတ်ချက်များ၊ AI Tools အသုံးပြုမှုနှင့် ပတ်သက်၍ လုံခြုံရေးအရ သတိပြုရမည့်အချက်များကို သိရှိနားလည်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က AI & Law Enforcement: History Technologies & Legal Perspectives ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန Polytechnic University (ထားဝယ်)မှ တွဲဖက်ပါမောက္ခ ဒေါက်တာကြည်လွဲလွဲခိုင်က Ethical Concern with Today AI ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သဥ္ဇာမေဖူးဝေက Unlocking the Power of AI ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myday Application မှ နည်းပညာရှင် ဦးမိုးသန်းဦးက AI for Social E- Commerce ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကော်မရှင်ရုံး ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား International Buddhist Confederation (IBC)မှ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



နေပြည်တော် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သည့် International Buddhist Confederation (IBC) အထွေထွေအတွင်းရေးမှူး Ven.Shartse Khensur Rinpoche Jangchup Choeden နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗုဒ္ဓသာသနာထွန်းကားသည့်နိုင်ငံ ငါးနိုင်ငံသာမက ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး၊ ပါဠိဘာသာပြန့်ပွားရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မီဒီယာကဏ္ဍ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြိုးငါးချက်နှင့်အညီ နေထိုင်သွားရေး၊ နှစ်နိုင်ငံ မီဒီယာသင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် International Buddhist Confederation(IBC) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ပြုလုပ်မည့် "Nepal-Myanmar Partnership in Digital Transformation Program" ဆိုင်ရာ ကိစ္စရပ်များ၊ နီပေါနိုင်ငံတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၌ ဒစ်ဂျစ်တယ်စနစ်ဖြင့် လုပ်ငန်းဆောင်တာများ စနစ်တကျ လျင်မြန်စွာဆောင်ရွက်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ် ထိရောက်စွာအသုံးချဆောင်ရွက်နိုင်မှု၊ စက်မှုဇုန်များ၌ လုပ်ငန်း မှတ်ပုံတင်ခြင်းနှင့် ဘဏ်လုပ်ငန်းစနစ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် မြန်မာနိုင်ငံတွင်လည်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလိုသည့် အခြေအနေများ၊ စက်မှုဝန်ကြီးဌာန အနေဖြင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများအတွက် လိုအပ်သော ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာများကို ထိရောက်စွာ ဖြန့်ဝေပေးနိုင်မှု၊ ဝန်ထမ်းများ အတွက်လည်း ဒစ်ဂျစ်တယ်အသုံးပြုမှု အသိပညာများ တိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးနေမှု၊ ဆိုရှယ်မီဒီယာများကို အသုံးပြု၍ ဈေးကွက်မြှင့်တင်ရေး ဆောင်ရွက်နေမှု၊ Digital Tools အသုံးပြု၍ လုပ်ငန်းအချက်အလက် စီမံခန့်ခွဲနိုင်မှုနှင့် ငွေကြေးစီမံခန့်ခွဲနိုင်စေရန် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးကဏ္ဍတွင် နီပေါနိုင်ငံနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရင်းရင်းနှီးနှီးအမြင်ချင်းဖလှယ်ဆွေးနွေးသည်။ ထို့နောက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (၁၂၃၊၆၊၆၊၇) စက်မှုဇုန်၌ကျင်းပရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌစက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် Virtual စနစ်ဖြင့် ပါဝင်တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စက်မှုလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။

ယင်းနောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ လှိုင်သာယာ(၁၂၊ ၃၊ ၄၊ ၆၊ ၇) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသည့် စက်မှုလုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

"ဗုံတီးမယ်"တေးသီချင်းဗီဒီယိုအား ဖန်တီးထုတ်လွှင့်သူနှင့် စီစဉ်သူများကို စီစစ်အရေးယူရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) ပြဋ္ဌာန်းချက်ပါ အမိန့်ထုတ်ပြန်ခွင့်ကိုကျင့်သုံး၍ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များအား စီစစ်ထုတ်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူထားသူသည် အမိန့်အမှတ်(၃၂/၂၀၂၄)အရ မိမိတို့လွှင့်တင်မည့် Content များအား စီစစ်ရေးအဖွဲ့ထံသို့တင်ပြ၍ စီစစ်မှုခံယူရမည်ဖြစ်ပါသည်။

သို့ရာတွင် တေးရေး/ တေးဆို "အောင်ပါစေ"သည် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူခြင်းမရှိဘဲ ၎င်း၏လူမှုကွန်ရက်အမျိုးမျိုးတွင် တေးသီချင်းဗီဒီယိုများ ထုတ်လွှင့်ပြသလျက်ရှိကြောင်းနှင့် အဆိုပါတေးသီချင်းဗီဒီယိုများအနက် "ဗုံတီးမယ်"တေးသီချင်းဗီဒီယိုသည် မြန်မာလူမျိုးတို့၏ အမြတ်တနိုးတန်ဖိုးထားဂုဏ်ယူရသော မြန်မာ့တူရိယာဗုံနှင့် ပတ်မများကို ပြက်ရယ်ပြုစော်ကားသဖွယ်ဖြစ်နေသော သရုပ်ပျက် ကပြဖျော်ဖြေခြင်းနှင့် ညစ်ညမ်းသည့် အဓိပ္ပာယ်ပေါက်စေနိုင်သော အဓိပ္ပာယ်နှစ်ခွသီချင်းစာသားများဖြင့် ဖန်တီးထားကြောင်း စီစစ်တွေ့ရှိရပါသည်။

သို့ပါ၍ "ဗုံတီးမယ်"တေးသီချင်းဗီဒီယိုနှင့်ပတ်သက်၍ ဖန်တီးထုတ်လွှင့်သူ၊ စီစဉ်သူ၊ ပါဝင်သူများကို အမှုဖွင့်အရေးယူနိုင်ရေး စီစစ်လျက်ရှိကြောင်းနှင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူထားခြင်း မရှိသူများအနေဖြင့် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူပြီး မိမိတို့လွှင့်တင်မည့် Content များကို စီစစ်ရေးအဖွဲ့ထံ တင်ပြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ကမ္ဘာ့ရေနေ့ကိုဂုဏ်ပြုသည့် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရသည့်ဆောင်းပါးကို ဖော်ပြပါသည်။

ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့

မောင်ရဲရင့်မှူး (မကွေးပညာရေးဒီဂရီကောလိပ်)



ကျွန်ုပ်တို့ကမ္ဘာဂြိုဟ်၏ "အေးခဲနေသော ရေလှောင်ကန်များ" ဟုပင် ရည်ညွှန်းပြောဆိုရသည့် ရေခဲမြစ်များသည် ရေချိုအရင်းအမြစ်များကို တည်တံ့ခိုင်မြဲစေရန်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဤကြီးမားသော ရေခဲမြစ်များသည် ကမ္ဘာ့ရေချိုး၏ ၆၉ ရာခိုင်နှုန်းခန့်ကို သိုလှောင်ထားပြီး ၎င်းကို မြစ်များ၊ ကန်များနှင့် မြေအောက်ရေစနစ်များသို့ တဖြည်းဖြည်း ထုတ်လွှတ်ပေးကာ သန်းပေါင်းများစွာသောလူများ၊ စိုက်ပျိုးရေးနှင့် ဂေဟစနစ်များအတွက် မရှိမဖြစ်လိုအပ်သောရေကို ထောက်ပံ့ပေးသည်။ သို့သော်လည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများနှင့် လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ရေခဲမြစ်များသည် စိုးရိမ်ဖွယ်ရာနှုန်းဖြင့် အရည်ပျော်နေပြီး ကမ္ဘာတစ်ဝန်း ရေလုံလောက်စွာရရှိမှုကို ခြိမ်းခြောက်လျက်ရှိပါသည်။ ထိုအတိုင်းဆက်သွားပါက ခန့်မှန်း၍မရနိုင်သော ရေပြတ်လပ်မှုများ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုများနှင့် သဘာဝဘေးအန္တရာယ်များကို ပိုမိုဆိုးရွားစွာ ကြုံတွေ့လာရနိုင်ပါသည်။ အနာဂတ်မျိုးဆက်သစ်များအတွက် ရေချိုရရှိနိုင်မှုသေချာစေရန် ရေခဲမြစ်များကို ကျွန်ုပ်တို့အားလုံး တာဝန်သိစွာ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

ကမ္ဘာ့ရေလည်ပတ်မှုတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်

ရေခဲမြစ်များသည် သဘာဝရေလှောင်ကန်များအဖြစ် ရေစီးဆင်းမှုကို တစ်နှစ်ပတ်လုံး ထိန်းညှိပေးခြင်းဖြင့် ကမ္ဘာ့ရေလည်ပတ်မှုတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေသည်။ ၎င်းတို့သည် ပူနွေးသောလများအတွင်း သောက်သုံးရေ၊ ဆည်မြောင်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော မြစ်ချောင်းများနှင့် အင်းအိုင်များကို ပြန်လည် ဖြည့်တင်းပေးသည်။ အိန္ဒြမြစ်၊ ဗြဟ္မပုတ္တရမြစ်၊ အမေဇုန်မြစ်တို့ကဲ့သို့သော ကမ္ဘာ့အကြီးဆုံး မြစ်ကြီးများနှင့် ဂင်္ဂါမြစ်၊ ယန်ဇီမြစ်နှင့် ကော်လိုရာဒိုမြစ်တို့ကဲ့သို့သော အဓိကမြစ်ကြီးအများအပြားသည် အထူးသဖြင့် ခြောက်သွေ့သောရာသီများတွင် ရေခဲမြစ်များအရည်ပျော်ကျမှုအပေါ်များစွာမှီခိုနေပါသည်။ ရေခဲမြစ်များသည် ရေအရင်းအမြစ်များအတွက် တိုက်ရိုက်ပံ့ပိုးကူညီမှုအပြင် တောင်ပေါ်ဒေသများရှိ ဇီဝမျိုးစုံမျိုးကွဲများကို ပံ့ပိုးပေးခြင်းဖြင့် ဂေဟစနစ်ဟန်ချက်ညီစေရန် ကူညီပေးသည်။ ရေခဲမြစ်များမှ အေးသောရေများသည် ငါးများ၊ ရေနေအပင်များနှင့် အခြားသောတောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို ပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းပေးနိုင်သည်။ ထို့အပြင် ရေခဲမြစ်များသည် နေရောင်ခြည်ကို ရောင်ပြန်ဟပ်ခြင်းဖြင့် ရာသီဥတုထိန်းညှိမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ကမ္ဘာကြီးပူနွေးလာမှုကိုလည်း ကာကွယ်ပေးနိုင်ပါသည်။ ဤကဲ့သို့ကမ္ဘာကြီးကို များစွာထောက်ပံ့ကူညီပေးနေသော ရေခဲမြစ်များ ပျောက်ကွယ်သွားပါက ကြီးမားလှသော ကမ္ဘာလုံးဆိုင်ရာအကျပ်အတည်းကြီးကို ဘက်ပေါင်းစုံမှ တွေ့ကြုံခံစားလာကြရမည်ဖြစ်သည်။

ယခုအခါတွင် ပတ်ဝန်းကျင်နှင့် လူတို့က ဖြစ်ပေါ်စေသော အကြောင်းရင်းများစွာတို့ကြောင့် ရေခဲမြစ်များသည် စိုးရိမ်ဖွယ်ရာနှုန်းဖြင့် တဖြည်းဖြည်းပျောက်ကွယ်လျက်ရှိသည်။ ထိုအကြောင်းရင်းများအနက်မှ အောက်ပါအချက်များသည် ရေခဲမြစ်များအတွက် အဓိကခြိမ်းခြောက်မှုများပင်ဖြစ်သည်။

(၁) ရာသီဥတုပြောင်းလဲမှုများ – ရေခဲမြစ်များ စိုးရိမ်ဖွယ်ရာနှုန်းဖြင့် အရည်ပျော်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်းဖြစ်သည်။ အပူချိန်များ ပိုမိုမြင့်တက်လာခြင်းသည် ရေခဲအရည်ပျော်မှုကိုမြန်စေပြီး ရေခဲမြစ်အရွယ်အစားကို လျော့ကျစေကာ မြစ်အောက်ပိုင်းဒေသများတွင် ပြင်းထန်သောရေပြတ်လပ်မှုကို ဖြစ်စေနိုင်သည်။ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာကြီးပူနွေးလာမှုသည် လက်ရှိနှုန်းအတိုင်း ဆက်လက်မြင့်တက်နေပါက ရေခဲမြစ်အများအပြားသည် ဆယ်စုနှစ်အနည်းငယ်အတွင်း ပျောက်ကွယ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့လူသားများအားလုံး အားထားမှီခိုနေရသည့် ရေအရင်းအမြစ်များစွာကို ဆုံးရှုံးရနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။

(၂) လေထုညစ်ညမ်းမှုနှင့် Black Carbon (BC) – အထူးသဖြင့် ရုပ်ကြွင်းလောင်စာများနှင့် ဇီဝလောင်စာများ လောင်ကျွမ်းခြင်းကြောင့် Black Carbon များထွက်ပေါ်လာပြီး လေထုညစ်ညမ်းမှုများဖြစ်ပေါ်လာသည်။ ထိုမှတစ်ဆင့် Black Carbon များသည် ရေခဲမြစ်များပေါ်သို့ ကျရောက်လာပြီး ၎င်းတို့၏ မျက်နှာပြင်ကို မည်းမှောင်သွားစေပါသည်။ ထိုသို့ဖြင့် ရေခဲမြစ်များ၏ နေရောင်ခြည် ရောင်ပြန်ဟပ်နိုင်စွမ်းကို လျော့နည်းစေပါသည်။ ထို့အပြင် Black Carbon များ ဖုံးလွှမ်းနေသည့် ရေခဲမြစ်များ၏ မျက်နှာပြင်သည် အပူကိုပိုမိုစုပ်ယူလာနိုင်ပြီး အရည်ပျော်မှုကို ပို၍လျင်မြန်လာစေသည်။ စက်မှုဇုန်များထွန်းကားလာမှု၊ သစ်တောပြုန်းတီးမှုနှင့် စက်တပ်ယာဉ်များ အလွန်အကျွံသုံးစွဲလာမှုတို့သည် ဤပြဿနာ၏ နောက်ခံအကြောင်းရင်းများပင်ဖြစ်သည်။

(၃) ရေအရင်းအမြစ်များမှ လွန်ကဲစွာထုတ်ယူသုံးစွဲခြင်း – ရေခဲမြစ်များ ပျက်စီးယိုယွင်းလာသည်နှင့်အမျှ လူတို့သည် ရေရယူသုံးစွဲရေးအတွက် မြေအောက်ရေနှင့် မြစ်ရေစီးကြောင်းများကို ပိုမိုအားကိုးလာကြသည်။ မြေအောက်ရေနှင့် မြစ်ချောင်းများမှရေကို အလွန်အကျွံထုတ်ယူခြင်းသည် လူသားများအတွက်သာမက သဘာဝဂေဟစနစ်ကြီးတစ်ခုလုံးကိုပါ ထိခိုက်စေပါသည်။

(၄) သစ်တောပြုန်းတီးမှုနှင့် မြေယာပျက်စီးခြင်း – ရေခဲမြစ်များ တည်တံ့ခိုင်မြဲမှုအပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိသော အပူချိန်ပြောင်းလဲမှုနှင့် မိုးရွာသွန်းမှုပုံစံများကို သစ်တောများက ထိန်းညှိပေးသည်။ သစ်တောပြုန်းတီးမှုသည် မြေဆီလွှာတိုက်စားမှုကို ဖြစ်ပေါ်စေသည့်အပြင် သဘာဝရေသံသရာလည်ပတ်မှုကိုလည်း ပြောင်းလဲစေပါသည်။ ထိုမှတစ်ဆင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာကာ မိုးခေါင်ရေရှားခြင်းနှင့် ကမ္ဘာကြီးပူနွေးလာခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာသည်နှင့်အမျှ ရေခဲမြစ်များသာမန်ထက်ပိုမိုလျင်မြန်စွာ အရည်ပျော်လာပြီး မြစ်များအတွင်း စီးဆင်းလာခြင်းနှင့် အနည်ကျမှုပိုမိုများပြားလာခြင်းကြောင့် ရေကြီးရေလျှံမှုများကိုပါ ဖြစ်ပွားလာစေသည်။

ယနေ့ ၂၁ ရာစုတွင် ရေခဲမြစ်များသည် အရှိန်အဟုန်ဖြင့် အရည်ပျော်လာပြီး သိသိသာသာယိုယွင်းလာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း အန္တာတိကတိုက်နှင့် ဂရင်းလန်းဒေသအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ ရေခဲမြစ်များသည် နှစ်စဉ်တန်ချိန် ၂၇၃ ဘီလီယံခန့် ဆုံးရှုံးခဲ့ပြီး စုစုပေါင်းတန်ချိန် ၆ ဒသမ ၅၄ ထရီလီယံခန့် ဆုံးရှုံးခဲ့ရသည်။ ဤအရည်ပျော်မှုကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် နှစ်စဉ်တိုးမိတာနီးပါး (ပျမ်းမျှအားဖြင့် ၁.၈ မီလီမီတာ)မြင့်တက်လာခဲ့သည်။ ထို့ပြင် ယခင်ဆယ်စုနှစ်များနှင့် နှိုင်းယှဉ်ပါက ၂၀၁၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း၌ ရေခဲဆုံးရှုံးမှုနှုန်းမှာ ၂၆ ရာခိုင်နှုန်းတိုးလာခဲ့သည်။ European Alps နှင့် Pyreness ဒေသအတွင်းရှိ ရေခဲမြစ်များသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ၎င်းတို့ထုထည်၏ ၄၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးသွားသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ကမ္ဘာ့အပူချိန်တိုးတက်လာမှုအပေါ်မူတည်ပြီး ရေခဲမြစ်များ၏ ထုထည် ၂၆ ရာခိုင်နှုန်းမှ ၄၁ ရာခိုင်နှုန်းကြား ဆုံးရှုံးမည်ဟု ခန့်မှန်းချက်များက ညွှန်ပြနေသည်။ ဤကဲ့သို့ အစုလိုက်အပြုံလိုက် ဆုံးရှုံးမှုသည် ပင်လယ်ရေမျက်နှာပြင်ကို ခန့်မှန်းခြေအားဖြင့် ၉၀ မီလီမီတာမှ ၁၅၄ မီလီမီတာအထိ မြင့်တက်လာစေကာ ကမ္ဘာတစ်ဝန်းရှိ ရေခဲမြစ်များ၏ ၄၉ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအထိ ပျောက်ဆုံးစေနိုင်ပါသည်။ ဤတွေ့ရှိချက်များသည် ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေသည့် ရေခဲမြစ်များ၏ အနာဂတ်ကို မီးမောင်းထိုးပြနေပေသည်။

ကမ္ဘာတစ်ဝန်းရှိ ကမ်းရိုးတန်းဒေသများကို ခြိမ်းခြောက်လျက်ရှိ

သဘာဝရေလှောင်ကန်များဖြစ်သည့် ရေခဲမြစ်များ ယိုယွင်းကျဆင်းလာခြင်းသည် သောက်သုံးရေ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက် ရေရရှိနိုင်မှုကို အနှောင့်အယှက်ဖြစ်စေပြီး အထူးသဖြင့် ရာသီအလိုက်အရည်ပျော်သော ရေကို မှီခိုနေရသော လူမှုအသိုင်းအဝိုင်းများကို ထိခိုက်စေပါသည်။ ရေခဲမြစ်များက ထောက်ပံ့ပေးနေသော မြစ်များသည် စိုက်ပျိုးရေးအတွက် လိုအပ်သောရေကိုပေးသည်။ ထို့ကြောင့် ရေခဲမြစ်များအရည်ပျော်မှုနှုန်း မြင့်မားလာခြင်းသည် သီးနှံအထွက်နှုန်းလျော့ကျခြင်းနှင့် အစာရေစာပြတ်လပ်ခြင်းတို့ကိုပါ ဖြစ်စေနိုင်သည်။

> **"သဘာဝရေလှောင်ကန်များဖြစ်သည့် ရေခဲမြစ်များ ယိုယွင်းကျဆင်းလာခြင်းသည် သောက်သုံးရေ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက် ရေရရှိနိုင်မှုကို အနှောင့်အယှက်ဖြစ်စေပြီး အထူးသဖြင့် ရာသီအလိုက် အရည်ပျော်သောရေကို မှီခိုနေရသော လူမှုအသိုင်းအဝိုင်းများကို ထိခိုက်စေပါသည်။ ရေခဲမြစ်များက ထောက်ပံ့ပေးနေသောမြစ်များသည် စိုက်ပျိုးရေးအတွက် လိုအပ်သောရေကိုပေးသည်။ ထို့ကြောင့် ရေခဲမြစ်များအရည်ပျော်မှုနှုန်း မြင့်မားလာခြင်းသည် သီးနှံအထွက်နှုန်းလျော့ကျခြင်းနှင့် အစာရေစာပြတ်လပ်ခြင်းတို့ကိုပါ ဖြစ်စေနိုင်"**

ကမ္ဘာတစ်ဝန်းရှိ ကမ်းရိုးတန်းဒေသများသည် ရေခဲမြစ်များ ယိုယွင်းကျဆင်းလာခြင်းသည် သောက်သုံးရေ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများအတွက် ရေရရှိနိုင်မှုကို အနှောင့်အယှက်ဖြစ်စေပြီး အထူးသဖြင့် ရာသီအလိုက်အရည်ပျော်သော ရေကို မှီခိုနေရသော လူမှုအသိုင်းအဝိုင်းများကို ထိခိုက်စေပါသည်။ ရေခဲမြစ်များက ထောက်ပံ့ပေးနေသော မြစ်များသည် စိုက်ပျိုးရေးအတွက် လိုအပ်သော ရေကိုပေးသည်။ ထို့ကြောင့် ရေခဲမြစ်များအရည်ပျော်မှုနှုန်း မြင့်မားလာခြင်းသည် သီးနှံအထွက်နှုန်းလျော့ကျခြင်းနှင့် အစာရေစာပြတ်လပ်ခြင်းတို့ကိုပါ ဖြစ်စေနိုင်သည်။ "Doomsday Glacier" ဟု ခေါ်လေ့ရှိသော အန္တာတိကတိုက်ရှိ Thwaites ရေခဲမြစ်သည် ယခင်ကမျှော်လင့်ထားသည်ထက် ပိုမိုလျင်မြန်စွာ အရည်ပျော်နေပြီး ပြိုကျလာပါက ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်ကို ဆယ်ပေအထိ မြင့်တက်လာစေနိုင်ပါသည်။ ဤသည်သာမက ရေအရင်းအမြစ်များကို မှီခိုနေရသည့် ရေနေဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များသည်လည်း စားကျက်မြေများပျက်စီးခြင်းနှင့် အပူချိန်ပြောင်းလဲမှုများကြောင့် ရှင်သန်တည်မြဲမှုအတွက် အခက်အခဲများ ကြုံတွေ့လာကြရမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ တစ်ခုတည်းသော မှီခိုအားထားရာဖြစ်သည့် ကမ္ဘာကြီးအပေါ် များစွာအကျိုးသက်ရောက်မှုရှိသော ရေခဲမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းကြရပေမည်။ နိုင်ငံတကာအစိုးရများနှင့် စက်မှုလုပ်ငန်းများအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို အသုံးပြုခြင်း၊ စွမ်းအင်ထိရောက်မှုမြှင့်တင်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးတွင် စက်တပ်ယာဉ်များအသုံးပြုမှု လျော့ချခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှုလျော့ချရန် လုပ်ဆောင်ကြရမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ○

❍ စာမျက်နှာ ၆ မှ

စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်များနှင့် သစ်တောပြုန်းတီးမှုတို့မှ လေထုညစ်ညမ်းမှုကို လျှော့ချခြင်းဖြင့် ရေခဲမြစ်များအပေါ် Black Carbon ကျရောက်မှုကို ကာကွယ်နိုင်သည်။ သစ်ပင်များ ပြန်လည်စိုက်ပျိုးမှုကို မြှင့်တင်ခြင်းသည် ဒေသအပူချိန်ကို ထိန်းညှိပေးရန်၊ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးရန်နှင့် သဘာဝရေလည်ပတ်မှုကို ထိန်းသိမ်းရန်အတွက် ကူညီပေးသည်။ ထိရောက်သော ဆည်မြောင်းရေပေးဝေခြင်းဆိုင်ရာ နည်းပညာများ (Efficient Irrigation Techniques) ကို အကောင်အထည်ဖော်ခြင်း၊ မိုးရေများသိုလှောင်ခြင်းနှင့် ရေထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်းဖြင့် ရေခဲမြစ်များအပေါ် မှီခိုမှုကို လျှော့ချနိုင်ပါသည်။

ကမ္ဘာ့ရေနေ့သတ်မှတ်

ထို့အပြင် ရေခဲမြစ်များ၏ အရေးပါမှုနှင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်နေမှုကို နိုင်ငံတကာရှိ အလွှာပေါင်းစုံမှ လူတန်းစားအားလုံး သိရှိနားလည်စေရန် ကြိုးပမ်းဆောင်ရွက်ရန်မှာလည်း အရေးကြီးပေသည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၉၇ ခုနှစ်တွင် ကုလသမဂ္ဂရေညီလာခံ (Mar dal Plata Water Confrence)ကို မတ်လ ၁၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပခဲ့ပြီး ရေသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ၁၉၉၂ ခုနှစ် ရီယိုဒီဇ္ဂနေးရိုး (Rio de Janeiro)မြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံတွင် လုပ်ငန်းစဉ်အမှတ်(၂၁)အရ ကမ္ဘာ့ရေနေ့နှင့်ပတ်သက်၍ ပထမဆုံးအနေဖြင့် တရားဝင်အဆိုပြုခဲ့ကြသည်။ ၁၉၉၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၌ “ကျွန်ုပ်တို့၏ ဘဝတွင် ရေ၏အရေးပါမှုကို သတိပြုမိစေရန်နှင့် ကမ္ဘာ့ရေအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ တွန်းအားပေးရန်” အတွက် A/RES/47/193 ဆုံးဖြတ်ချက်အရ မတ်လ ၂၂ ရက်နေ့ကို ကမ္ဘာ့ရေနေ့(World Water Day)အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ပထမဆုံး ကမ္ဘာ့ရေနေ့အခမ်းအနားကို ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ယခု ၂၀၂၅ ခုနှစ် မတ်လ ၂၂ ရက်နေ့ဆိုလျှင် ၃၂ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့ရေဖွံ့ဖြိုးတိုးတက်မှု အစီအရင်ခံစာ(United Nations World Water Development Report-WWDR)သည် UN-Water

“ကမ္ဘာကြီးအပေါ် များစွာအကျိုးသက်ရောက်မှုရှိသော ရေခဲမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းကြရပေမည်။ နိုင်ငံတကာအစိုးရများနှင့် စက်မှုလုပ်ငန်းများအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို အသုံးပြုခြင်း၊ စွမ်းအင်ထိရောက်မှုမြှင့်တင်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးတွင် စက်တပ်ယာဉ်များ အသုံးပြုမှု လျှော့ချခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှုလျှော့ချရန် လုပ်ဆောင်ကြရမည်ဖြစ်သည်။ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်များနှင့် သစ်တောပြုန်းတီးမှုတို့မှ လေထုညစ်ညမ်းမှုကိုလျှော့ချခြင်းဖြင့် ရေခဲမြစ်များအပေါ် Black Carbon ကျရောက်မှုကို ကာကွယ်နိုင်”

၏ အထင်ကရ အစီရင်ခံစာဖြစ်ပါသည်။ ယင်းတွင် ရေနှင့် မိလ္လာဆိုင်ရာပြဿနာများကိုလည်း ထည့်သွင်းဖော်ပြလေ့ရှိသည်။ ယင်းအစီအရင်ခံစာက နှစ်စဉ်မတူညီသော ဆောင်ပုဒ်တစ်ခုအပေါ်တွင် အလေးဂရုထားပြီး မူဝါဒချမှတ်ကာ ဆုံးဖြတ်လုပ်ဆောင်ကြမည့်သူတို့အတွက် အကောင်းဆုံးလုပ်ဆောင်သင့်သည်များ၊ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ချက်များ စသည့်အကြံပြုချက်များ ဖော်ပြပါသည်။ ရေရှည်တည်တံ့သောမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေသော ယင်းအစီအရင်ခံစာကို နှစ်စဉ် ထုတ်ပြန်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲမှုအစီအရင်ခံစာကို World Water Development Programme ကိုယ်စား UNESCO က ညှိနှိုင်းဆောင်ရွက်ပေးပြီး ယင်းအစီရင်ခံစာအရ ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်ကို သတ်မှတ်ဆုံးဖြတ်ခြင်းဖြစ်သည်။ UN-Water သည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ယင်းဆောင်ပုဒ်ကို နှစ်စဉ်ရွေးချယ်ကာ နှိုးဆော်ပေးသည်။

ယခုနှစ် ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေနေ့အတွက် ဆောင်ပုဒ်မှာ “ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့” “Glacier Preservation” ဖြစ်ပါသည်။ ထိုဆောင်ပုဒ်နှင့်အညီ ကျွန်ုပ်တို့ ကမ္ဘာမြေကြီးအတွက် မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်များ၏ ကျောထောက်နောက်ခံဖြစ်သည့် ရေခဲမြစ်များကို ကာကွယ်ထိန်းသိမ်းကြရန် အထူးလိုအပ်ပါသည်။ ၂၀၂၅ ခုနှစ် ဧန်နဝါရီလ ၂၁ ရက်နေ့တွင် UNESCO နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO)တို့က အပြည်ပြည်ဆိုင်ရာ ရေခဲမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှစ် (International Year of Glaciers Preservation)ကို စတင်ခဲ့သည်။ ဤပဏာမခြေလှမ်းက ရေခဲမြစ်များသည် လူဦးရေ နှစ်ဘီလီယံကျော်အား ရေချိုပေးဆောင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြောင်းကို တစ်ကမ္ဘာလုံးက သတိပြုမိစေရန်နှင့် ရေခဲမြစ်အရည်ပျော်မှု အရှိန်မြင့်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများကို ဖြေရှင်းရန် ရည်ရွယ်ပါသည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေနေ့လှုပ်ရှားမှုသည် ၂၀၂၅ ခုနှစ် ဧန်နဝါရီလတွင်စတင်ခဲ့သော “ရေခဲမြစ်များထိန်းသိမ်းခြင်း”ကို အဓိကထား လုပ်ဆောင်ခြင်းဖြစ်ပါသည်။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ပြန်လည်ဖွဲ့စည်း

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် “အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ”(National Water Resources Committee) ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းကာ တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များ စီမံဆောင်ရွက်နိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိပေသည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝလှသော ရေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာဥပဒေများ စိစစ်ခြင်း၊ မူလအစိုးရဥာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းခြင်းတို့ကို အဆိုပါ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် ရေချိုပေါများသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံးရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားပါသည်။ နိုင်ငံအတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တာတမံများနှင့် ရေတွင်းရေကန်များသည် မြန်မာ့ရေချိုအရင်းအမြစ်များပင် ဖြစ်ကြပါသည်။ ရေချိုအရင်းအမြစ်များ ပေါကြွယ်ဝသည်ဟုဆိုသော်လည်း အထက်အညာဒေသအပါအဝင် နေရာဒေသအချို့၌ နွေအခါတွင် ရေမလုံလောက်သည့် ပြဿနာမျိုးလည်း ရှိနေသေးသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းဥပဒေများနှင့် ကျင့်ဝတ်များကို တာဝန်သိစွာ လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ ကမ္ဘာ့နိုင်ငံများနည်းတူ ရေအရင်းအမြစ်များ တည်တံ့ခိုင်မြဲရေးနှင့် ရေခဲမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

“Never Waste even a drop of water no water, no life and no blue, no green” ဟူသည့် ဆိုရိုးအတိုင်း ရေတစ်စက်၊ ရေတစ်ပေါက်မျှပင် အကျိုးမဲ့ဆုံးရှုံးမခံသင့်ပေ။ ရေမရှိလျှင် သက်ရှိတို့ အသက်ရှင်နေထိုင်ရန် မဖြစ်နိုင်သလို ကမ္ဘာမြေပေါ်တွင် အေးချမ်းသောအပြာရောင်နှင့် စိမ်းလန်းလတ်ဆတ်သော အစိမ်းရောင်များ မြင်တွေ့နိုင်ရန် မဖြစ်နိုင်ပေ။ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အတည်ပြုချမှတ်ခဲ့သော “စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇) ချက်” (17 Sustainable Development Goals – 17 SDGs)၏ “ပန်းတိုင်(၆)-သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး”ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ယနေ့ကမ္ဘာကြီးကြုံတွေ့နေရသော ရေရရှိမှုဆိုင်ရာအကျပ်အတည်းကို ဖြေရှင်းကြရမည်ဖြစ်သည်။ ရှေ့ဆက်၍ မိမိတို့အနေဖြင့် “ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့” “Glacier Preservation” ဟူသည့် ဆောင်ပုဒ်နှင့်အညီ တာဝန်သိစွာဖြင့် ရေခဲမြစ်များကို အရှိန်အဟုန်မြှင့် ကာကွယ်ထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်းနှင့် မိမိတို့တစ်ဦးချင်းစီ၏ လူမှုဘဝနေထိုင်မှုပုံစံများနှင့် ရေသုံးစွဲမှုပမာဏများကိုလည်း ဂရုပြုစီမံခန့်ခွဲကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၅ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့(World Water Day)ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ယူနီဖောင်း၊ ဆန်နှင့် ဆီများ ပေးအပ်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်ခန်းမ၌ ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့ရှိပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ယူနီဖောင်းနှင့် ဆန်၊ ဆီများ ပေးအပ်ပွဲကို ယမန်နေ့ညပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များမှ ကိုယ်စားလှယ်တစ်ဦးစီအား ယူနီဖောင်း၊ ဆန်၊ ဆီ တို့ကို ပေးအပ်ခဲ့ပြီး ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များကိုယ်စား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် တပ်စုမှူး ဦးဇော်မိုးအောင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

တက်ရောက်


အဆိုပါအခမ်းအနားသို့ ခရိုင်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုနှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့်အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။



စည်သူမောင်မောင်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ နီပေါ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံစဉ် နေပြည်တော်တွင်ပြုလုပ်မည့် "Nepal–Myanmar Partnership in Digital Transformation Program" နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီး လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့အကြား ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးဆိုင်ရာ အစီအစဉ်များတွင် ပညာရေးဝန်ကြီးဌာနမှ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ဆောင်ရွက်ရေး၊ အခြေခံပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍနှင့် ဆရာအတတ်ပညာကဏ္ဍတို့တွင် ပိုမိုပူးပေါင်းမြှင့်တင်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်တွင် Nepal–Myanmar Partnership in Digital Transformation ကျင်းပပြုလုပ်မည့် အစီအစဉ်၊ ထိုသို့ ကျင်းပရာတွင် ဆော့ဝဲလ်နှင့် ဝန်ဆောင်မှုစနစ် အသုံးပြုခြင်းတို့ကို အထူးပြုပြုသသွားမည့် အစီအစဉ်၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းရေး အစီအစဉ်တွင် နီပေါ-မြန်မာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ အကြား လက်ရှိပူးပေါင်း ဆောင်ရွက်နေမှုများကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၁၈

၂၀၂၅ ခုနှစ် မတ် ၁၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၉ မိနစ် ၀၇ စက္ကန့် အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပင်လည်ဘူးမြို့၏ အနောက်တောင်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၁ ဒီဂရီ၊ အနက် ၆၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

၁၈ - ၃ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း**မှာ ငွေကျပ် ၅၅၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး https://sacoffice.gov.mm	၄။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm	၅။ Myawady Webportal https://myawady.net.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm	၆။ Myanmar National Portal https://myanmar.gov.mm

မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို လေ့လာဆန်းစစ်ခြင်း စီမံကိန်းအောင်မြင်ပြီးမြောက်

နေပြည်တော် မတ် ၁၈

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် **"မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို လေ့လာဆန်းစစ်ခြင်း"** စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် ရာသီဥတုပြောင်းလဲခြင်း၊ မိုးခေါင်ခြင်းနှင့် သီးနှံဖျက်ပိုး ကျရောက်ခြင်းတို့ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေလျက်ရှိပြီး စပါးသီးနှံတွင် ဆစ်ပိုး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံတွင် စုပ်စားပိုး၊ ပဲမျိုးစုံတွင် သီးလုံးဖောက်ပိုးတို့ အများဆုံး ကျရောက်သည်ကို တွေ့ရှိရပါကြောင်း၊ သီးနှံကြီးထွားမှုအဆင့် အလိုက် ဆုံးရှုံးမှုအနေဖြင့် သီးနှံအများစုသို့ စိုက်ပြီးတစ်လတွင် ပျက်စီးဆုံးရှုံးမှုများနှင့် သိုလှောင်ချိန် ပျက်စီးဆုံးရှုံးမှုများရှိသကဲ့သို့ ရိတ်သိမ်းပြီး နောက်ပိုင်းကာလတွင် ကြုံတွေ့ကြရသည့် သီးနှံလေလွင့်ဆုံးရှုံးမှုက ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း။

ရာသီဥတု ပြောင်းလဲခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံး သီးနှံများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ပဲစင်းငုံ၊ ပဲတီစိမ်း၊ မြေပဲတို့ဖြစ်ပြီး မကွေးတိုင်းဒေသကြီးတွင် ပဲကြီး၊ နေကြာ၊ နှမ်းသီးနှံတို့ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် သွင်းအားစု ဈေးနှုန်းမြင့်မားခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ အလုပ်သမားရှားပါးခြင်း၊ သီးနှံဖျက်ပိုးနှင့် ပေါင်းကျရောက်ခြင်းနှင့် စိုက်ပျိုးရေးရရှိမှု ခက်ခဲခြင်းစသည့် အခက်အခဲများကို တောင်သူများ အများဆုံးကြုံတွေ့ကြရသည်ကို ယခုစီမံကိန်းတွင် လေ့လာဆန်းစစ်နိုင်ခဲ့ပါကြောင်း၊ အပူပိုင်းဇုန်ဒေသ ရှိတောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရေးနှင့် ဒေသ၏ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေခဲ့သော ယခုစီမံကိန်း ဆောင်ရွက်ခွင့်ရရှိရေးနှင့် စီမံကိန်း



၏ ရည်ရွယ်ချက်များအတိုင်း အောင်မြင်အောင် ကြိုးပမ်းပေးခဲ့ကြသည့် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး(နေပြည်တော်) သံရုံးတာဝန်ခံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က စီမံကိန်းအောင်မြင်စွာပြီးမြောက်ခြင်းအတွက် ဂုဏ်ပြုစကားပြောကြားကြပြီး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်က စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက စီမံကိန်း၏ ရောဂါပိုးမွှားဆိုင်ရာ သုတေသနတွေ့ရှိချက်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သုတေသနတွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက စီမံကိန်းခုနစ်ခု ဆောင်ရွက်ခွင့် ရရှိခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) တွင် စီမံကိန်းဦးစီးဌာန စီမံကိန်းစိစစ်သုံးသပ်ရေးဌာနခွဲက တာဝန်ယူဆောင်ရွက်ခဲ့သော "မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံများပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို လေ့လာဆန်းစစ်ခြင်း" စီမံကိန်းကို မန္တလေးတိုင်းဒေသကြီးမှ ခုနစ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးမှ ရှစ်မြို့နယ် စုစုပေါင်းမြို့နယ် ၁၅ ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် သီးနှံဖျက်ပိုးရောဂါကာကွယ်နှိမ်နင်းခြင်းကို ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအား အဓိကအသုံးပြုကြသော်လည်း သီးနှံပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန် စိုက်ချိန်ညှိခြင်း၊ မျိုးပြောင်းလဲခြင်း၊ စိုက်ပျိုးနည်းစနစ် ပြောင်းလဲခြင်းနှင့် မြေနှင့် ရေစီမံခန့်ခွဲခြင်း၊ ဘက်စုံရောဂါကာကွယ်နှိမ်နင်း နည်းလမ်းများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးပညာရှင်များ ဖြန့်ဝေပေးနိုင်ခဲ့သဖြင့် တောင်သူများဝင်ငွေ တိုးတက်ရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းစေရေးကို များစွာအထောက်အကူဖြစ်စေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲနှင့် ရောဂါပိုးသယ်ဆောင်သော ပိုးမွှားကောင်းများမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနစိတ်တို့မှ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းများအတွက် နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်အစည်းအဝေးနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးဌာနစိတ်၏ ရောဂါဖြစ်သူနှင့် အနီးကပ်ထိတွေ့သူများအား (Single Dose Rifampicin) ဆေးတိုက်ကျွေးခြင်းဖြင့် ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဗဟိုအဆင့်အသိပေး ဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပသည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကာကွယ်ဆေးအကြိမ်ပြည့် (သို့မဟုတ်) လုံးဝထိုးနှံတိုက်ကျွေးခြင်းမပြုရသေးသော အသက် ငါးနှစ်အောက် ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်း၊ အစုအဝေးဖြင့် နေထိုင်သည့်နေရာများမှ ကလေးများအတွက် အသက် ၁၅ နှစ်အထိ သတ်မှတ်ပြီး Special Immunization Activities ဆောင်ရွက်ခြင်း လုပ်ငန်း၊ ကာကွယ်ဆေးနှင့် ကာကွယ်၍ရသော ရောဂါများ အစုလိုက်ဖြစ်ပွားချိန်တွင် ဆောင်ရွက်သည့် တုံ့ပြန်ကာကွယ်ဆေးထိုးနှံခြင်း (Outbreak Response Immunization)၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။




ထို့အတူ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် နှစ်စပိုင်းတွင် ၎င်ဖျားရောဂါကူးစက်ဖြစ်ပွားမှုကို လျော့ချနိုင်ရန်အတွက် ၎င်ဖျားတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး "၎င်ဖျားရောဂါကူးစက်ဖြစ်ပွားမှု လျော့ချနိုင်ရေး ခြောက်လစီမံချက်"ကို ရေးဆွဲပြီးဖြစ်သဖြင့် အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသေဆုံးမှု သိသိသာသာကျဆင်းခဲ့ပါကြောင်း၊ ရောဂါကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများအတွက် နှစ်စဉ် နိုင်ငံတော်၏ အသုံးစရိတ်များမှ ခွဲဝေချထားပေးလျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေပေးထားပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဆင်ခြေထောက်ရောဂါပိုးကူးစက်မှုဆန်းစစ်ချက်ရလဒ်များအရ ဆင်ခြေထောက်ရောဂါပိုးကူးစက်မှုမတွေ့ရှိသဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး ရည်မှန်းချက်ပြည့်မီနိုင်တော့မည်ဖြစ်ပါကြောင်း။

အနာကြီးရောဂါဖြစ်ပွားသူ လူနာသစ်အရေအတွက်မှာ သိသာထင်ရှားစွာ လျော့နည်းလာသော်လည်း ရောဂါကူးစက်မှုရှိနေဆဲဖြစ်ပြီး အနာကြီးရောဂါလူနာသစ်များ ဆက်လက်တွေ့ရှိနေရသေးသဖြင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းအနေဖြင့် Rifampicin ဆေးတစ်ကြိမ် သောက်သုံးခြင်းဖြင့် အနာကြီးရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေကို လျော့ချနိုင်သည့်အတွက် အနာကြီးရောဂါလူနာနှင့် အိမ်အတူနေသူများအား Rifampicin ဆေးတစ်ကြိမ် တိုက်ကျွေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ Single Dose Rifampicin ဆေးတိုက်ကျွေးခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ဗဟို အဆင့် ဆရာဖြစ်သင်တန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆင့်ပွားသင်တန်းများကိုလည်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ၎င်ဖျားရောဂါဆိုင်ရာနှင့် အနာကြီးရောဂါဆိုင်ရာ နည်းပညာအကြံပေးပညာရှင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ကျန်းမာရေးဝန်ထမ်းများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး သက်ဆိုင်ရာဌာနခွဲများမှ နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်ကြရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

သာပေါင်းမြို့နယ် သီရိရွှေသာစျေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



သာပေါင်း မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို ယနေ့ မွန်းလွဲ ၁ နာရီက သီရိရွှေသာစျေး၌ ဆောင်ရွက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်မီးဘေးလုံခြုံရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇရာထိုက်၊ မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုး၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်သူလွင်တို့က ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ စျေးသူ စျေးသားများ၊ စျေးကော်မတီများအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ဆေးဘူးနှင့် မီးဘေးကာကွယ်ရေးသုံးပစ္စည်းများကို စနစ်တကျထားရှိသုံးစွဲကြရန် အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။ ထို့ပြင် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခြင်းကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပြီး မီးသတ်ဆေးဘူး အသုံးပြုပုံ၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်အသုံးပြုနည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းများကို စျေးသူ စျေးသားများ ပါဝင်၍ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိ

နေပြည်တော် မတ် ၁၈

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်း စာစစ်ဌာန ၈၀၄ ခု စုစုပေါင်းစာစစ်ဌာန ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦး၊ ပျက်ကွက် ၁၂၈၄၄ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - အင်္ဂလိပ်စာ

နေ့စွဲ - ၁၈-၃-၂၀၂၅

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ခရိုင်	မြို့နယ်	စာစစ်ဌာန	စာရင်းရှိဦးရေ			ဖြေဆိုဦးရေ			ပျက်ကွက်ဦးရေ			ဖြေဆိုရာခိုင်နှုန်း	ပျက်ကွက်ရာခိုင်နှုန်း	မှတ်ချက်
					ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း			
၁	ကချင်	၆	၁၂	၂၂	၃၈၉၅	၆၀၇၈	၉၉၇၃	၃၃၃၆	၅၃၆၂	၈၆၉၈	၅၅၉	၇၁၆	၁၂၇၅	၈၇.၂၂%	၁၂.၇၈%	
၂	ကယား	၁	၁	၁	၄၄	၉၇	၁၄၁	၄၂	၉၀	၁၃၂	၂	၇	၉	၉၃.၆၂%	၆.၃၈%	
၃	ကရင်	၆	၇	၁၂	၁၁၇၆	၂၃၆၈	၃၅၄၄	၁၀၇၆	၂၂၇၁	၃၃၄၇	၁၀၀	၉၇	၁၉၇	၉၄.၄၄%	၅.၅၆%	
၄	ချင်း	၂	၂	၂	၂၀၈	၃၄၈	၅၅၆	၁၄၈	၂၆၀	၄၀၈	၆၀	၈၈	၁၄၈	၇၃.၃၈%	၂၆.၆၂%	
၅	စစ်ကိုင်း	၁၃	၂၁	၃၅	၄၁၃၁	၆၁၇၄	၁၀၃၀၅	၃၈၄၄	၆၀၂၁	၉၈၆၅	၂၈၇	၁၅၃	၄၄၀	၉၅.၇၃%	၄.၂၇%	
၆	တနင်္သာရီ	၄	၉	၁၆	၁၇၂၈	၃၀၂၉	၄၇၅၇	၁၆၂၁	၂၉၂၀	၄၅၄၁	၁၀၇	၁၀၉	၂၁၆	၉၅.၄၆%	၄.၅၄%	
၇	ပဲခူး(ရှေ့)	၃	၁၄	၃၇	၅၁၉၅	၇၇၉၀	၁၂၉၈၅	၄၈၆၃	၇၅၂၇	၁၂၃၉၀	၃၃၂	၂၆၃	၅၉၅	၉၅.၄၂%	၄.၅၈%	
၈	ပဲခူး(နောက်)	၃	၁၄	၄၅	၄၄၀၂	၅၇၇၀	၁၀၁၇၂	၄၁၀၃	၅၅၇၀	၉၆၇၃	၂၉၉	၂၀၀	၄၉၉	၉၅.၀၉%	၄.၉၁%	
၉	မကွေး	၇	၂၂	၄၉	၇၈၆၁	၁၀၇၃၉	၁၈၆၀၀	၇၃၆၄	၁၀၄၅၁	၁၇၈၄၅	၄၆၇	၂၈၈	၇၅၅	၉၅.၉၄%	၄.၀၆%	
၁၀	မန္တလေး	၁၀	၂၅	၈၉	၁၅၄၇၃	၂၀၀၂၇	၃၅၅၀၀	၁၄၆၉၈	၁၉၂၉၀	၃၄၂၈၈	၇၇၅	၄၃၇	၁၂၁၂	၉၆.၅၉%	၃.၄၁%	
၁၁	မွန်	၄	၁၀	၂၃	၃၁၆၆	၆၁၈၄	၉၃၅၀	၃၀၀၄	၅၉၆၈	၈၉၇၂	၁၆၂	၂၁၆	၃၇၈	၉၅.၉၆%	၄.၀၄%	
၁၂	ရခိုင်	၃	၃	၈	၁၄၁၇	၁၈၄၇	၃၂၆၄	၇၄၀	၈၂၃	၁၅၆၃	၆၇၇	၁၀၂၄	၁၇၀၁	၄၇.၈၉%	၅၂.၁၁%	
၁၃	ရန်ကုန်	၁၄	၄၅	၉၁	၁၇၇၉၈	၂၁၄၆၅	၃၉၂၆၃	၁၆၇၁၄	၂၀၆၇၂	၃၇၃၆၆	၁၀၈၄	၇၉၃	၁၈၇၇	၉၅.၂၂%	၄.၇၈%	
၁၄	ရှမ်း(တောင်)	၈	၂၀	၆၆	၄၈၄၂	၇၉၃၆	၁၂၇၇၈	၄၆၄၂	၇၇၅၉	၁၂၄၀၁	၂၀၀	၁၇၇	၃၇၇	၉၇.၀၅%	၂.၉၅%	
၁၅	ရှမ်း(မြောက်)	၂	၃	၄	၂၇၃	၄၁၆	၆၈၉	၂၅၄	၄၀၄	၆၅၈	၁၉	၁၂	၃၁	၉၅.၅၀%	၄.၅၀%	
၁၆	ရှမ်း(ရှေ့)	၆	၉	၁၂	၆၇၈	၁၀၆၇	၁၇၄၅	၆၅၁	၁၀၄၄	၁၆၉၅	၂၇	၂၃	၅၀	၉၇.၁၃%	၂.၈၇%	
၁၇	ဧရာဝတီ	၈	၂၆	၂၄၅	၁၄၈၇၆	၁၉၃၉၉	၃၄၂၇၅	၁၃၆၅၆	၁၈၅၈၁	၃၂၂၃၇	၁၂၂၀	၈၁၈	၂၀၃၈	၉၄.၀၅%	၅.၉၅%	
၁၈	နေပြည်တော်	၄	၈	၄၇	၅၇၃၀	၇၁၉၆	၁၂၉၂၆	၅၄၇၃	၇၀၆၇	၁၂၅၄၀	၂၅၇	၁၂၉	၃၈၆	၉၇.၀၁%	၂.၉၉%	
၁၉	နိုင်ငံခြား			၁၃	၁၁	၉	၂၀	၁၁	၉	၂၀	၀	၀	၀	၁၀၀%	၀.၀၀%	
	စုစုပေါင်း	၁၀၄	၂၅၁	၈၁၇	၉၂၉၀၄	၁၂၇၉၃၉	၂၂၀၈၄၃	၈၆၂၇၀	၁၂၂၃၈၉	၂၀၈၆၅၉	၆၆၃၄	၅၅၅၀	၁၂၁၈၄	၉၄.၄၈%	၅.၅၂%	

ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဇေ တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12) ဒုတိယနေ့ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၈

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဇေ၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံ ပညာအထက်တန်းကျောင်းနှင့် အမှတ်(၇)အခြေခံ ပညာ အထက်တန်းကျောင်းများရှိ စာစစ်ဌာနသို့သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှု အားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခု ကျင်းပသည့် တက္ကသိုလ်ဝင် စာမေးပွဲသည် KG+12 စနစ်သစ် ပညာရေးစနစ်၏ အခြေခံပညာ အထက်တန်းအဆင့် နောက်ဆုံး အရည်အချင်းစစ် စာမေးပွဲ ဖြစ်ပါကြောင်း၊ မျိုးဆက်သစ် နိုင်ငံ့သားကောင်း သမီးမွန်များအားလုံး ကျော်ဖြတ်ရသည့် အရေးကြီးသည့် တက္ကသိုလ်ဝင် စာမေးပွဲဖြစ်၍ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကျရာအခန်းကဏ္ဍက ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရမည် ဖြစ်ပါကြောင်း၊ ဝိုင်းဝန်းပါဝင် ကူညီ ဆောင်ရွက်ကြသူများ အားလုံးကိုလည်း အထူးကျေးဇူး တင်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ စာမေးပွဲကျင်းပစဉ် အတွင်း အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက အမြန်ဆုံး သတင်းပို့၍ ချက်ချင်းလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။



အလားတူ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာ စာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဟင်္သာတမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုလျက်ရှိ

ဟင်္သာတ မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မြို့ပေါ်နှင့်နယ်ကျောင်းများတွင် စာစစ်ဌာန ၁၃ ခု ဖွင့်လှစ်ကျင်းပပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျောင်းသား ၉၇၄ ဦး၊ ကျောင်းသူ ၁၃၃၄ ဦး စုစုပေါင်း ၂၃၀၈ ဦးတို့မှ အင်္ဂလိပ်စာဘာသာရပ်အား အေးချမ်းပျော်ရွှင်စွာ ဖြေဆိုလျက်ရှိသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပလျက်ရှိသည့် စာစစ်ဌာနများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး ဦးဆောင်၍ ခရိုင်ပညာရေးမှူး ဦးတိုးဝင်းနှင့်တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေကြားနိုင်ရန် လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ စာမေးပွဲကြီးကြပ်ရေးဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စာစစ်ဌာနများအလိုက် စောင့်ကြပ်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား ဆက်လက်ဖြေဆို





နေပြည်တော် မတ် ၁၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။



ဒေါက်တာကျော်လွင်

ဦးစွာ စာမေးပွဲဖြေဆိုခြင်း မပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြား စာစစ်ဌာန ၁၃ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာန စုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ ဦးရေ စုစုပေါင်း ၂၂၈၄၃၃ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး တာဝန်ရှိသူများ





၏ စကားသံများကိုလည်း ယခုလို ကြားသိခဲ့ရသည်-

(၁)နေပြည်တော် ပညာရေးမှူး ဒေါက်တာကျော်လွင်

ကျွန်တော့်နာမည် ဒေါက်တာကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော် နေပြည်တော် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး တာဝန်ကို ထမ်းဆောင်နေပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်မှာ ခုတင် (၁၀၀၀) ဆေးရုံစာစစ်ဌာနအပါအဝင် စုစုပေါင်း စာစစ်ဌာန ၄၇ ခု ကျင်းပပြီးတော့ စာမေးပွဲကျင်းပဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်အနေနဲ့ စာစစ်ဌာန မြို့နယ်အလိုက်ကျတော့ စာစစ်ဌာန ငါးခုရှိတဲ့ မြို့နယ်တွေလည်း ရှိတယ်။ ခြောက်ခုရှိတဲ့ မြို့နယ်တွေ လည်းရှိတယ်။ လယ်ဝေးမြို့နယ် ကတော့ စာစစ်ဌာန ၁၀ ခု စာစစ်ဌာန အများဆုံးရှိတဲ့ နေရာလည်း ဖြစ်ပါတယ်။ စုစုပေါင်းတော့ ကျွန်တော်တို့ ၄၇ ခုနဲ့ ကျင်းပ ဆောင်ရွက်လျက် ရှိပါတယ်။ လောလောဆယ်တော့ စာမေးပွဲ အောင်ချက်အနေနဲ့ ယခင်နှစ် တုန်းကတော့ ၅၆ ဒသမ ၇၉ ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ ဒီနှစ်အနေနဲ့ ဘာသာရပ် သုံးမျိုး ဖြစ်ပါတယ်။ ဓာတု၊ ရူပ၊ ဇီဝ ဘာသာတွဲ၊ ဓာတု၊ ရူပ၊ ဘောဂ ဘာသာတွဲနဲ့ ပထဝီ၊ သမိုင်း၊ ဘောဂ ဆိုပြီး ဘာသာတွဲ သုံးတွဲ ဒီနှစ် ကျောင်းသား ကျောင်းသူတွေ ဝင်ရောက်ဖြေဆိုနေတာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ကတော့ ဒီတက္ကသိုလ်ဝင် စာမေးပွဲဆိုတာ ဘဝကိုအပြောင်းအလဲ ဖြစ်စေမယ့်၊ ဘဝကို အဆုံးအဖြတ်ပေးမယ့် စာမေးပွဲဖြစ်ပါတယ် ။ အဲဒီတော့ ဒီစာမေးပွဲ အောင်မြင်စွာ အေးချမ်းစွာနဲ့ မသမာမှုကင်းရှင်းတဲ့ စာမေးပွဲ ဖြစ်ဖို့ရာအတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ ဦးစီးဌာန အသီးသီးနဲ့ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနဲ့ ဒေသဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တွေ ရပ်/ကျေးအဖွဲ့ဝင်တွေ၊ ကြက်ခြေနီ၊ မီးသတ်၊ ကျန်းမာရေးဌာန စတဲ့ ဆက်စပ်ဌာနတွေ အားလုံးပူးပေါင်းပြီးတော့ လုံခြုံရေးကအစ၊ ကျန်းမာရေးကအစ အားလုံး အဆင်ပြေအောင် အစစအရာရာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျောင်းသား ကျောင်းသူတွေ အနေနဲ့စာကို အေးအေးချမ်းချမ်းနဲ့ ကြိုးစားပြီးတော့ ဖြေကြားဖို့ ပြောကြားလိုပါတယ်။ ရရှိတဲ့ ကျောင်းနေအရွယ်မှာ ပညာကို ဆုံးခန်းတိုင်အောင် သင်ယူပြီးတော့ နောင်တစ်ချိန်မှာ တိုင်းပြည်က အားထားရတဲ့ နိုင်ငံ့သားကောင်းတွေဖြစ်အောင် ကြိုးစားကြဖို့ ပြောကြားလိုပါတယ်။ ကျန်းမာရေးအတွက် လည်း ပြင်ဆင်ထားတာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ စာစစ်ဌာနတိုင်းမှာ Medical Cover အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု စင်တာတိုင်းမှာ ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု အခန်းဆိုပြီးတော့ သီးခြား ဆေးခန်းတွေဖွင့်ထားပါတယ်။ သက်ဆိုင်ရာ မြို့နယ်အလိုက်၊ တိုက်နယ်အလိုက်လည်း အရေးပေါ်လူနာတွေ ပေါ်ပေါက်လာရင် ဖြေနိုင်အောင်လည်း ဆေးရုံတွေမှာ စာဖြေခန်းတွေ အရန်အသင့် စီစဉ်ဆောင်ရွက်ထားပါတယ်။ ရပ်ဝေးက ရောက်ရှိလာတဲ့ မကျန်းမာတဲ့ တက္ကသိုလ်ဝင် စာမေးပွဲ လူနာတွေ၊ ရောဂါပြင်းထန်နေတဲ့လူနာတွေအတွက်လည်း နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှာ စာစစ်ဌာန တစ်ခု သီးခြားဖွင့်ပြီး ဆောင်ရွက်နေပါတယ်။ လောလောဆယ် အခြေအနေမှာ ဒီနေ့မှာဆိုရင် ခုတင် (၁၀၀၀) နေပြည်တော် ဆေးရုံကြီးမှာ ကျောင်းသား ကျောင်းသူ စာဖြေသူနှစ်ဦး ဖြေဆိုလျက်ရှိပါတယ်။ စိတ်အေးချမ်းသာစွာနဲ့ ကောင်းကောင်းမွန်မွန် ကိုယ်တိုင်ရေးပြီး ဖြေဆိုနိုင်ကြပါတယ်။ တချို့ လူနာတွေဆိုရင် ကိုယ်တိုင် မရေးနိုင်တာတွေရှိပါတယ်။ သို့သော် ဆေးရုံမှာရှိတဲ့ ကျောင်းသား နှစ်ယောက်ဟာ ဆိုရင် ကျန်းမာရေးကောင်းမွန်တဲ့ သူတွေ ဖြစ်တဲ့အတွက်ကြောင့်မို့ ကိုယ်တိုင်ရေးပြီးတော့ ဖြေဆိုနေကြကြောင်း ပြောကြားလိုပါတယ်။ မသန်စွမ်း ဖြေဆိုသူအနေနဲ့ နှစ်ဦးရှိပါတယ်။ တစ်ဦးက နားမကြားရတဲ့ ကျောင်းသားပါ။ တစ်ဦးကတော့ ခြေထောက်မကောင်းတာပါ။ မသန်စွမ်းလို့ ပြောရမှာပေါ့။ ကျန်းမာရေးမကောင်းတဲ့ ကျောင်းသား ကျောင်းသူ နှစ်ယောက်ရှိပါတယ်။ စာမေးပွဲ စည်းကမ်းအရ နာရီဝက် နောက်ကျရင် ဖြေဆိုခွင့် မရှိဘူးဆိုတာ ရှိပေမယ့် ကျွန်တော်တို့ဒီနှစ်အနေနဲ့ ဖြေလျှော့ပြီးတော့ အချိန်ကို ပိုမိုပြီး သတ်မှတ်ပြီးတော့ ၁ နာရီခွဲ နောက်ကျတဲ့ အထိ လက်ခံဖို့ရာအတွက် ကျွန်တော်တို့ ဝန်ကြီးဌာန၊ ဦးစီးဌာနက ညွှန်ကြားထားတဲ့အတွက် ကြောင့်မလို့ ရောက်ရှိလာတဲ့သူကို စာမေးပွဲ ဖြေဆိုနိုင်ရေးအတွက် အစစအရာရာ စီစဉ်ဆောင်ရွက်ထားပါတယ်။ နေပြည်တော်ကောင်စီ နယ်မြေအနေနဲ့လည်း ယာဉ်ထိန်း၊ မီးသတ် စတဲ့ ကျောင်းသား ကျောင်းသူတွေ လမ်းမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်နေမယ်၊ ဥပမာ ဆိုင်ကယ် ပျက်နေမယ်၊ ကားပျက်မယ် ဆိုရင်တောင်မှ တွေ့တဲ့သူကို အကူအညီတောင်းလို့ ရပါတယ်။ စာမေးပွဲဖြေသွားမလို့ ကူညီပေးပါဆိုရင် ကူညီပေးဖို့ရာအတွက် နေပြည်တော်ကောင်စီ အနေနဲ့လည်း လမ်းညွှန်ပြီး ဌာနဆိုင်ရာတွေကို ညွှန်ကြားထားပါတယ်။ သက်ဆိုင် ရာ ဆက်စပ်ဌာနတွေကို ကူညီပေးကြဖို့ရာအတွက် နောက်ကျရင်တောင်မှ အကူအညီတောင်းရင် လိုက်ပို့မယ့် သူတွေရှိပါတယ်။ အဲဒီလောက် အထိစီစဉ်ထားပါတယ်။ ကျောင်းသား ကျောင်းသူတွေ အဓိကကတော့ စာဖြေသူတွေ စိတ်ချမ်းသာဖို့နဲ့ စာမေးပွဲ အေးချမ်းသာယာပြီးမြောက်ဖို့၊ မသမာမှုကင်းရှင်းတဲ့ စာမေးပွဲဖြစ်ဖို့ ကျွန်တော်တို့ အနေနဲ့ အဘက်ဘက်က ကြိုးစား အားထုတ်ပြီးတော့ စီမံဆောင်ရွက်ထားပါတယ်။

(၂)အမျိုးသား

ကျွန်တော်ကတော့ အထက(၇) စာစစ်ဌာနမှာ ကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်ပါတယ်။ စုစုပေါင်းကျောင်းသား ၃၅၉ ဦးရှိပြီး ၃၃၇ လာရောက်ဖြေဆိုပါတယ်။ ၂၂ ဦး ပျက်ကွက်ပါတယ်။ ဖြေဆိုသူ ၉၇ ဒသမ ၈၇ ရာခိုင်နှုန်းရှိပါတယ်။ ပျက်ကွက်က ၆ ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီနှစ် ကျောင်းသား ကျောင်းသူတွေအတွက် စိန်ခေါ်မှုက အများကြီး မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စနစ်သစ်ကို ၂၀၂၄ နှစ်မှာ စတင်ဖြေခဲ့တာဖြစ်လို့ ၂၀၂၄ က ကလေးတွေအတွက်တော့ စိန်ခေါ်မှုဖြစ်ခဲ့တာပေါ့။ ဒီနှစ်ကလေးတွေတော့ ဒုတိယနှစ်ဖြစ်တဲ့အတွက် အတွေ့အကြုံရှိပြီးဖြစ်လို့ အခက်အခဲမရှိနိုင်ပါဘူး။ စနစ်သစ်ပညာရေးက ကျွန်တော်တို့ဌာနဟာ အကောင်းဆုံး သူများနိုင်ငံတွေနဲ့ ယှဉ်နိုင်အောင် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေကို အဆင့်မီပြင်ထားတာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်ကတည်းက Grade-12 ကို ပြောင်းတာဖြစ်တယ်။ ၂၀၂၅ ကတော့ ဒုတိယနှစ်ဖြစ်တဲ့အတွက် ဘာမှ သိပ်အခက်အခဲမရှိဘဲ လျောလျောရှူရှူ အားလုံးအဆင်ပြေပါတယ်။ ကျွန်တော့်ကျောင်းက ၂၀၂၄ ခုနှစ်မှာ ၆၀ဒသမ ၈၉ ရာခိုင်နှုန်းအောင်ခဲ့တာဆိုတော့ အားရမှုရှိပါတယ်။ အောင်ချက်လည်းအများကြီး တက်ခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ဝင်စာမေးပွဲတွေကို ဝင်ရောက်ဖြေဆိုဖို့၊ ဇွဲမလျှော့ဖို့၊ ဘာပဲဖြစ်ဖြစ် အခွင့်အခါကောင်းရင် ကိုယ့်အတွက် လည်း အခွင့်အရေးတွေ အများကြီးရရှိမှာဖြစ်တဲ့အတွက် အားလုံး လာရောက် ဝင်ရောက်ဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်။

(၃)အမျိုးသမီး

ကျောင်းသားကတော့ စာကျက်မှရမယ်နော်။ နေ့စဉ်ပုံမှန် စာကျက်မှ ဖြစ်မယ်။ မိဘတွေအနေနဲ့က လည်း စာကျက်ဖို့ တိုက်တွန်းပေးမယ့်လည်း သူတို့ကိုယ်တိုင်ကျက်မှရမှာပါ။ အဲဒီလိုဆိုတော့ ကျွန်မကဘာပြောလဲဆိုတော့ ကိုယ်ကျက်မှ ကိုယ်ရမယ်။ ဆရာ ဆရာမတွေ အနေနဲ့ကတော့ သင်ပေးမယ်။ အကုန်လုံးကိုတော့ ချောချောမောမောလေး ဖြေဆိုအောင်မြင်စေချင်ပါတယ်။ ပြီးတော့ သူကျက်ထားတဲ့ ဟာလေးနဲ့ လည်း တိုးစေချင်ပါတယ်။ ကိုယ့်သမီးတစ်ယောက် ထဲတော့ မဟုတ်ဘူး။ ကျောင်းသား ကျောင်းသူတိုင်းကို အောင်စေချင်ပါတယ်။ **သတင်းစဉ်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၈၀၁ တောင်သူ ဦးဝင်းငြိမ်း၏ နွေစပါးစိုက်ခင်းအနီး ယာယီရှင်းလင်းဆောင်တွင် တောင်သူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူးက နွေစပါးစိုက်ပျိုးနေမှုအခြေအနေများ၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးအပါအဝင် သီးနှံများအထွက်နှုန်းတိုးတက်ရေးအတွက် မိရိုးဖလာစိုက်ပျိုးနည်းမှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများတွင် သဘာဝဓမ္မေဒများကို အသုံးပြုရေးနှင့် စိုက်ပျိုးရေးများ စနစ်တကျသုံးစွဲပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးနှံများပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ကို စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြေများကိုလှပ်ထားခြင်းမပြုရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုပြီး စိုက်ပျိုးရေး၊ စိုက်ပျိုးနည်းကို နည်းစနစ်ကျကျ စိုက်ပျိုးမှသာ သီးနှံအထွက်နှုန်းများ တိုးတက်ထွက်ရှိပြီး တစ်ဦးချင်းဝင်ငွေများ တိုးလာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တောင်သူ ဦးဝင်းငြိမ်း၏ လယ်မြေတွင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းအား ပေါင်းလိုက်တမန်းနှိုးကိရိယာဖြင့် ပေါင်းလိုက်တမန်းနှိုးသရုပ်ပြသဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ပြောင်ခေါင်းကြီးကျေးရွာအုပ်စု ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်ရှိ ဦးမြင့်ထူး၏ အသားတိုးကြက်မွေးမြူရေးခြံသို့ သွားရောက်၍ အသားတိုးကြက်များမွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် တည်ထောင်ကျေးရွာအုပ်စုအတွင်းရှိ စမတောင် မဟာပရိတ္တလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကျောင်း ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဒကွိဏသီရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ (နေပြည်တော်) သို့ သွားရောက်၍ အဘိုးအဘွားများအား အာဟာရဒါနအတွက် အလှူငွေများကို ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သို့ တက်ရောက်နေသည့် သင်တန်းသားများအတွက် ချီးမြှင့်ငွေပေးအပ်ပွဲကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တွဲဖက်အတွင်းရေးမှူး၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)(၃/၂၀၂၅)သို့ တက်ရောက်နေသည့် သင်တန်းသားများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒုတိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

ပဲခူး မတ် ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဒုတိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒုတိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သီးထပ်စွမ်းအား တိုးတက်လာခြင်းနှင့်အတူ တောင်သူများ ဝင်ငွေနှစ်ဆ တိုးတက်ရရှိစေနိုင်မည်ဖြစ်၍ မြေလပ်မရှိ သီးနှံစိုက်ပျိုးသွားရန်၊ ပန်းတိုင်အထွက်နှုန်းရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးသွားရန်၊ မိရိုးဖလာ စိုက်ပျိုးနည်းစနစ်မှ သိပ္ပံနည်းကျစက်မှုလယ်ယာစိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကွင်းအမှတ်(၄၂၆)၌ တစ်ကွင်းတစ်ဆက်တည်း ၈က ၃၀၀ နွေစပါးမျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိပြီး ပြည်ပစျေးကွက်ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဒေသတွင်းမျိုးစေ့ထုတ်စိုက်ခင်းများ တိုးချဲ့ဆောင်ရွက်ရန်၊ မျိုးကွဲများပြားမှုမရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊ တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်ပြီး ပြန်လည် စိုက်ပျိုးနိုင်ရေး အသိပညာပေးရန် မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒုတိုက်ဦးမြို့နယ် လက်ခုပ်ကွင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်ကြည်နှင့် ဦးဇော်ဝင်းတို့၏ ဒေသကြက်ကောင်ရေ ၁၀၀၀၀ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ထားဝယ်မြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ထားဝယ် မတ် ၁၈

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ထားဝယ်)တို့ ပူးပေါင်း ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က သင်တန်းသားများအနေဖြင့် သင်တန်းမှ စာတွေ့လက်တွေ့ ပို့ချပေးခဲ့သည့် ဘာသာရပ်များ၊ သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အသုံးချ၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေတိုးတက်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးက အခြေခံစက်ချုပ်သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဝင်များက သင်တန်းသား ၂၀ အား သင်တန်းဆင်းလက်မှတ် ပေးအပ်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



အခြေခံစာရင်းကိုင်နှင့် စာရင်းစစ် သင်တန်း(အမှုထမ်း) ဖွင့်ပွဲအခမ်းအနား ကျင်းပ

မော်လမြိုင် မတ် ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၌ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(အမှုထမ်း)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ပြီး ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ သမဝါယမဦးစီးဌာနမှ အမှုထမ်းဝန်ထမ်းများ တက်ရောက်လျက်ရှိပြီး လုပ်ငန်းခွင်၌ စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းကာလမှာ မတ် ၁၇ ရက်မှ ၃၀ ရက်ထိ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများအတွက် အီရန်တွင် တာဝန်ရှိကြောင်း ထရမ့်ပြောကြား



ဝါရှင်တန် မတ် ၁၈

ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများအတွက် အီရန်တွင် တာဝန်ရှိကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်ဟု ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ပင်လယ်နီအတွင်း လက်ရှိဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကို ရည်ညွှန်း၍ ထရမ့်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဟူသီအဖွဲ့သည် အမေရိကန် သင်္ဘောများအပါအဝင် အခြားနိုင်ငံများမှ သင်္ဘောများအား တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်ဟု ထရမ့်က ပြောကြားခဲ့ပြီး ဟူသီအဖွဲ့အား တိုက်ခိုက်ရန် အမေရိကန်တပ်မတော်အား ညွှန်ကြားခဲ့သည်။

အမေရိကန်၏ တိုက်ခိုက်မှုအတွင်း ဒေသခံ ၅၃ ဦးသေဆုံးကြောင်း ဟူသီအဖွဲ့က ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့၏ ယီမင်အပေါ် ကျူးကျော်တိုက်ခိုက်မှုသည် ရာဇဝတ်မှုဖြစ်သောကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းက ၎င်းတို့ကိုခိုက်မှု ရပ်တန့်ရေးအတွက် ဆောင်ရွက်ကြရန် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပန်ကြားခဲ့သည်။ အီရန်အနေဖြင့် ဟူသီများ၏ တိုက်ခိုက်မှုများကို စီစဉ်ညွှန်ကြားခြင်း မရှိကြောင်းနှင့် ယီမင်နိုင်ငံကို ကာကွယ်ရန်အတွက် ဟူသီအဖွဲ့က တိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗဂါဒီက ပြောကြားသည်။

ဟူသီအဖွဲ့အား တိုက်ခိုက်ခြင်းသည် အမေရိကန်သမ္မတ ထရမ့်ကမ်းလှမ်းထားသည့် ချူကလီးယားအရေးဆွေးနွေးရန် အီရန်ပံ့ပိုးထားသည့် ဟူသီများအား တိုက်ခိုက်ခြင်းဖြင့် အကျပ်ကိုင်နိုင်စေရေးအတွက် အမေရိကန်က ဆောင်ရွက်ခြင်းဖြစ်သော်လည်း အီရန်က ၎င်းအကျပ်ကိုင်မှုကို လက်ခံခြင်းမရှိချေ။

ကိုးကား -အင်န်အိတ်ချ်ကေ
ဘာသာပြန် -စိုးသူရ



ဂါဇာကမ်းမြောင်မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် အစ္စရေးတပ်မတော် လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်

ကျေရုဆလင် မတ် ၁၈

အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မတ် ၁၈ ရက်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ယခုတိုက်ခိုက်မှုများသည် အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း အပြင်းထန်ဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

အစ္စရေး စစ်လေယာဉ်များသည် ဂါဇာကမ်းမြောင်မြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ နေရာအများအပြားတွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

အစ္စရေးစစ်လေယာဉ်များသည် နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဒေသခံများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သောကြောင့် သေဆုံးမှုများရှိခဲ့သည်ဟု ဆိုသည်။

ဟားမတ်စ်အား တိုက်ခိုက်မှုများပြုလုပ်ရန် ဝန်ကြီးချုပ် နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်တို့က အမိန့်ပေးခဲ့ကြောင်း အစ္စရေး ဝန်ကြီးချုပ်၏ရုံးက ယနေ့တွင် ကြေညာခဲ့သည်။

ယခုကဲ့သို့တိုက်ခိုက်ရခြင်းသည် ဟားမတ်စ်အဖွဲ့က ဓားစာခံများကို ပြန်လွှတ်ပေးရေးအတွက် ငြင်းဆန်နေခြင်းနှင့် အမေရိကန်အထူးကိုယ်စားလှယ် စတီဗင် ဝပ်ကော့အပါအဝင် ကြားဝင်ညှိနှိုင်းသူများ၏ အဆိုပြုချက်ကို လက်မခံခြင်းကြောင့် ဖြစ်သည်ဟု အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ဂါဇာဒေသတွင် ဒေသခံ ၄၀၀ ကျော် သေဆုံးခဲ့သည်။

ဟားမတ်စ်အနေဖြင့် ဓားစာခံများကို ပြန်မလွှတ်ပေးပါက ဂါဇာဒေသတွင် တိုက်ပွဲများ အများအပြား ဖြစ်ပွားလာမည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ အရပ်သားများအပေါ် “ကျူးကျော်တိုက်ခိုက်မှုနှင့် လူမျိုးတုံးသတ်ဖြတ်သည့် စစ်ပွဲ” ပြန်လည်ဖြစ်ပွားနေခြင်းအတွက် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတွင် တာဝန်ရှိကြောင်း မတ် ၁၈ ရက်တွင် ဟားမတ်စ်အဖွဲ့က ပြောကြားခဲ့သည်။

ကိုးကား -ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

အာဖဂန်နစ္စတန်နိုင်ငံသို့ပေးအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းကို ရန်ပုံငွေမလုံလောက်မှုကြောင့် ရပ်ဆိုင်းမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

ကျီနီဗာ မတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံသို့ ပေးအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းကို ရန်ပုံငွေ မလုံလောက်မှုကြောင့် ရပ်ဆိုင်းမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ပြောကြား


ယခုကဲ့သို့ ရပ်ဆိုင်းရခြင်းသည် အမေရိကန်သမ္မတထရမ့်၏ ပြည်ပအကူအညီများပေးအပ်မှုဖြတ်တောက်ခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။ မတ် ၄ ရက်မှစတင်၍ အာဖဂန်နစ္စတန်နိုင်ငံရှိ ကျန်းမာရေးဌာန ၁၆၀ ကျော်ကို ပိတ်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ နိုင်ငံသား ၁ ဒသမ ၆ သန်းအတွက် အရေးပေါ် အသက်ကယ် စောင့်ရှောက်ရေးလုပ်ငန်းများကို ရပ်ဆိုင်းမည်ဟု သိရသည်။

ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရပ်ဆိုင်းခဲ့သဖြင့် ကလေးများ၊ အမျိုးသမီးများနှင့် နေရပ်စွန့်ခွာသူများအတွက် ထိခိုက်ခံစားရနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရပ်ဆိုင်းခဲ့သဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် အပ်ဝမ်ဆာဒါက ပြောကြားသည်။

ကိုးကား -အင်န်အိတ်ချ်ကေ
ဘာသာပြန် -စိုးသူရ



ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများတွင် အီရန်ပါဝင်ပတ်သက်ကြောင်း အမေရိကန်၏တာဝန်မဲ့ပြောကြားချက်ကိုရှုတ်ချဟု အီရန်ပြောကြား



တီဟီရန် မတ် ၁၈

ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများတွင် အီရန်က ပါဝင်ပတ်သက်သည်ဟူသော ထရမ့်နှင့် အမေရိကန်တာဝန်ရှိသူများ၏ တာဝန်မဲ့ပြောကြားချက်အပေါ် ရှုတ်ချကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ် အန်မာဆာအိဒ်အီရာဗာနီက မတ် ၁၈ ရက်တွင် ပြောကြားသည်။

အမေရိကန်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကန့်ကွက်ကြောင်း စာကို ၎င်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရပ်စ်နှင့် လုံခြုံရေးကောင်စီအကြီးအကဲ ခရစ်တီးနား မာကတ်လက်ဆန်တို့ထံ ပေးပို့ခဲ့သည်။ ဟူသီ၏ တိုက်ခိုက်မှုများအတွက် အီရန်တွင်တာဝန်ရှိပြီးဖြစ်ပွားလာသည့် အကျိုးဆက်များကို အီရန်က တာဝန်ယူရမည်ဟု ထရမ့်ကပြောကြားခဲ့သည်။ အမေရိကန်သမ္မတထရမ့်၏ ပြောကြားချက်သည် နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ရာရောက်ကြောင်း ၎င်းကပြောကြားသည်။ အီရန်နိုင်ငံအနေဖြင့် မိမိ၏ ပိုင်နက်နယ်မြေပိုင်ဆိုင်မှု၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားများကို နိုင်ငံတကာဥပဒေအရ ကာကွယ်စောင့်ရှောက်မည်ဟု ၎င်းက ပြောကြားသည်။ အီရန်အပေါ် ကျူးကျော်တိုက်ခိုက်သည့် မည်သည့်နိုင်ငံမဆို ၎င်းဆောင်ရွက်ချက်အတွက် တာဝန်ယူရမည်ဟု ၎င်းက ပြောကြားသည်။ ထို့ပြင် ယီမင်နိုင်ငံအပေါ် အမေရိကန်နှင့် ဖြိုတိန်တို့၏လေကြောင်းတိုက်ခိုက်မှုများသည် ယီမင်၏ အချုပ်အခြာအာဏာကို ထိပါးသည့်ဆောင်ရွက်ချက်ဖြစ်သဖြင့် ရှုတ်ချကြောင်း ၎င်းကပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား တစ်ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၈



ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင် လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား တစ်ဦး စုစုပေါင်း ၁၈၉ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကောင်စစ်ဝန် Mr.Md.Fahad.Pervez. Bosunia နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံသား ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူး Mr.Judha Nugraha နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ First Secretary Naoto Watanabe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှတာဝန်ရှိသူထံသို့ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၈၀ နှင့် အီသီယိုပီးယား နိုင်ငံသား ၆၂ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၇၁၀၇ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၁၉၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၀၇ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရုဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်းနှင့် တရုတ်(တိုင်ပေ)တို့မှ ဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@yadanar4581” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျောင်းစုရပ်ကွက်နေ ရတနာလှိုင်အား မွန်းတည့် ၁၂ နာရီတွင် သာယာဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၃-၂၀၂၅ ပုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ဟရိတ်တရားတော်(ဟေရသုတ်၊ဝဋ္ဋသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ မရိုင်မလင်းသူမရိုစေလို စက္ကူအလင်းတို့ပေးလိုလှူ
၀၉:၁၀ စိုက်ပျိုးမွေးမြူသုတာဘက်
၀၉:၂၀ မွန်ပြည်နယ်နေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
၀၉:၄၀ မွန်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်
၁၀:၃၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၃၅ ရွှေယိုစုံလင်အာဆီယံအစီအစဉ်
၁၂:၁၀ သီချင်းကြီးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၄၅ မျိုးဂုဏ်တင့်စေသိုကရေးတီးအပေး
၁၅:၃၀ Weekly Soccer Preview
၁၆:၁၅ ၂၀၂၅ဆီးဂိမ်းနှင့် အာဆီယံဖျော်ဖြေပွဲ၊ အာရုဂြစ်ပွဲ၊ ဘောလုံးပြိုင်ပွဲတို့ဂုဏ်ရိုက် ထုတ်လွှင့်မှု(မြန်မာယူ ၂၂ အသင်းနှင့် ဟောင်ကောင်(တရုတ်)ယူ ၂၂ အသင်း)
၁၈:၅၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ *'လေနှင်ထာဝရီး'* (အပိုင်း-၂၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဓိုးလေဝေသအဂြေအငေ
၂၁:၀၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
၂၁:၁၅ မွန်ပြည်နယ်နေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
၂၁:၃၀ ပွဲညာရဲ့ဇာတ်ဝံ့ *'ဝိန်းအင်ဇာတ်ခြစ်စိ'* *'ချမ်းညီညီရဲ့နှစ်ပါးသွားအဇာ'* (ဒုတိယပိုင်း)

mitv

07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
07:10 Innovative Handiworks Based On The Art Of Line Drawing
07:30 Welcome to Ramanya Land
07:36 Soft-shell Crab Export
07:54 New Destination for Sea Lovers
08:35 Union Day Exhibition & Traditional Dance Competition
08:41 Commercial Farmimg to GDP Growth, Cucumber Grower
09:01 DA Visit To Ye's Coastal Area
09:16 Weaving Craft for a living
09:30 Discovering Tribes: Mon (Their Life and Customs)

Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အဂ(ချင်း)
၀၆:၄၅ မြန်မာသံစဉ်တေးများ
၀၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ *'လေနှင်ထာဝရီး'* (အပိုင်း-၂၆)
၀၇:၅၅ စတီရီယိုတေးများ
၀၈:၂၀ ဇာတ်တော်ကြီး *'ပဘာဒနကဇာတ်တော်ကြီး'* (ပထမပိုင်း)
၀၉:၄၅ နိုင်ငံခြားသံစဉ်တေးများ
၁၀:၀၅ ကာတွန်း *'ဖြူမင်္ဂစီတံလှ'* (အပိုင်း-၂၃)
၁၀:၂၀ စတီရီယိုတေးများ
၁၀:၄၀ ဇာတ်တော်ကြီး *'ပဘာဒနကဇာတ်တော်ကြီး'* (ဒုတိယပိုင်း)

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
လက်ကိုင်ပုန်းနှင့်ကျန်းမာရေး

ကယား (၀၈:၀၀ မှ ၁၀:၀၀)
သဘာဝအလှတရားရှိရာထီးပွင့်ကန်တော်ဆီသို့

ဝဇ္ဈတာဂုဏ် (၁၀:၀၀ မှ ၁၁:၀၀)
တောင်ကျ Travelogue

အနောက်ပိုင်းဂုဏ် (၁၁:၀၀ မှ ၁၂:၀၀)
စာပေစကားပြောကြရအောင်(အပိုင်း-၆)

အရှေ့ပိုင်းဂုဏ် (၁၂:၀၀ မှ ၁၃:၀၀)
ကရင်ပြိုရာအထည်ဆိုင်မှ နန်းအဲလိန်းအင်တာဗျူး

ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)
ချင်းမလေးချက်သည့်ရိုင်ဒုက်ပျောအူဟင်း

ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)
အမဲအူထန်းနှစ်ချက်

မွန် (၁၅:၀၀ မှ ၁၈:၀၀)
မွန်ရိုးရာထိမ်ပြားပင်လာ

ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)
ထီန်းသိမ်းအစဉ်အလာတို့ဝလေ့ရိုးရာ (ဝရူးဒေတ်ရှုမ်းရှမ်းကြီးတိုင်းနေရာင်းတိုင်းလိုင်း)

ဝ (၂၁:၀၀ မှ ၂၂:၀၀)
ချင်းနှင့်ကျန်းမာရေး

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၈:၁၅ Sports Max
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၄၅ Festivals Around The World

MRTV PARLIAMENT

၀၇:၀၀ အဖွင့်၊ အလံ
၀၇:၁၅ ပြည်သူစစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ *'ကိုရီးယားနိုင်ငံ'*
၀၇:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို *'ပြည်သူ့ဝန်ထမ်း'*
၁၀:၀၀ ပြည်သူစစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ *'ဝင်ကာပူနိုင်ငံ'*
၁၁:၀၀ နိုင်ငံတကာဂျေကောက်ပွဲများအကြောင်း *'ကိုရီးယားနိုင်ငံ'* (အပိုင်း-၁)
၁၂:၃၀ ဂျူသို့မျိုမည်ပန်းတိုင်ဆီ (အပိုင်း-၁၉)

MRTV FARMERS


၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ MSMEလုပ်ငန်းစွမ်းအား နိုင်ငံဝီဇွားအင်အား
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၂၀ Livestock on the Land
၁၀:၁၅ Cork Rooftop Farm
၂၀:၀၀ အံ့ရောဟယ်(ဇာတ်လမ်း)
၂၂:၀၀ A Year-End Medley (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Weekly MNL Review
၁၀:၀၀ အားကစားသတင်း
၂၀:၀၀ ကမ္ဘာဖလား အလွတ်တန်းဗိတ်ဒေါ် ဘောလုံးပြိုင်ပွဲ (Replay) (Glory FC Vs Sagaing FC)

Scan Here MRTV MRTV MRTV Radio MRTV Radio Education Channel တို့ ဇုန့်ဦ ပုံ့ကိ (ဖြးဝေ)ကုမ်ပဏီ ဝင်ကြေးသျှင် (၄)ကုရိ (၅)ကြွန်ုန်၊ ထုတ်လွှင့်ခြင်းသဟဇာတိရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) သုံးတန်ကျော်၊ ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိ



နေပြည်တော် မတ် ၁၈

ရန်ကုန် တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်း အဖွဲ့အား ငွေကျပ် ၉၆ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)သုံးတန်ကျော်၊ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၄)ရပ်ကွက် ဆင်ဖြူရှင်လမ်း အမှတ်(၅၄၆/၅၄၇)ရှိ ဂိုဒေါင်ကို သတင်းအရဝင်ရောက်ရှာဖွေရာ သန်းလွင်၊ ဝေယျာအောင် (ခ)သားကြီး၊ သန့်ကောင်းဆက် (ခ)ပေါင်ချိန်၊ ရဲရင့်နိုင်၊ လှသန်းဦး (ခ)ရာကွတ်တို့ ငါးဦးအား အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၂ တန်၊ Toyota Hilux ယာဉ် တစ်စီး၊ Toyota Land Cruiser ယာဉ်တစ်စီးနှင့် Mercedes Benz ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များကို "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆန်းမြို့တွင် နေထိုင်သူ တင်မောင်ဝင်း၏ အစီအမံဖြင့် သန်းလွင်က တာဝန်ခံ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ပြီး သန်းလွင် ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) များကို ရန်ကုန်မြို့တွင် တစ်ဆင့်ပြန်လည်ရောင်းချသူ ဟိန်းစည်သူ (ခ)ဧော်ဧော်အောင်(ခ)အောင်ကိုကို (ခ) ထင်လင်းပြည့် ကို သာကေတမြို့နယ် ရှုခင်းသာလမ်းတွင်လည်းကောင်း၊ စိတ်ပြောင်းဆေးဝါးများ တစ်ဆင့် ပြန်လည်ရောင်းချရန် ချိတ်ဆက်ပေးသူ တင်လှ(ခ)စသစ်ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ မတ် ၆ ရက် ည ၉ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုဓမ္မာ လမ်းမကြီးတွင် ကျော်ကျော်သိန်း(ခ)ကျော်ကျော် (ခ)အသေးလေး မောင်းနှင်လာသည့် Hyundai Box ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၂၆၅ တန်နှင့် ကက်တမင်း ကီလို ၂၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ စိတ်ပြောင်းဆေးဝါးများကို မလေးရှားပင်လယ်ရေပြင်သို့ ချိတ်ဆက်ပို့ဆောင် ရောင်းချရန် စီမံခန့်ခွဲသူမှာ AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ)ကျော်စိုးလင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ရွှေကောင်းသာစက်လေ့ပိုင်ရှင် မသီတာမြင့်တို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါးများ လက်ခံ၍ ရွှေကောင်းသာ စက်လေ့ဖြင့် မလေးရှားပင်လယ်ပြင်သို့ တာဝန်ခံ ပို့ဆောင်သူ မင်းမင်းစိုးကို ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် မူးယစ်ဆေးဝါးများကို မလေးရှားပင်လယ်ပြင်သို့ ရွှေကောင်းသာ စက်လေ့ဖြင့် တင်ပို့ခဲ့ကြောင်း၊ မလေးရှားသို့ မူးယစ်ဆေးဝါးများ ပို့ဆောင်ရာတွင် ဦးစီးလုပ်ကိုင်သူ မျိုးမင်းစိုး (ခ)ကိုမျိုး ကို မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးတွင် Celsior ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက်ရှိ နေအိမ်မှ အိုက်စ် (မက်သ်အဖက်တမင်း) တစ်တန် ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စိတ်ပြောင်းဆေးဝါးများ မလေးရှား ပင်လယ်ပြင်သို့ ရွှေကောင်းသာ စက်လေ့ဖြင့် သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် ကျော်ဝေထွန်း၊ သိန်းထွန်း (ခ)သန့်ဇင်၊ ရန်ရှင်းအောင်နှင့် ဧော်ဧော်အောင်တို့ကို ဆိပ်ကြီးဧနောင်တိုမြို့နယ် ဆမားဒူးဝါအပိုင်း (၄)ရပ်ကွက်၌ ရွှေကောင်း သာစက်လေ့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၉၆ ဒသမ ၆၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၃ ဒသမ ၄၆၅ တန်နှင့် ကက်တမင်း ကီလို ၂၀၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း။

AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ) ကျော်စိုးလင်းနှင့် ၎င်း၏ဇနီး မသီတာမြင့်တို့သည် တန့်ယန်း၊ တောင်ကြီး၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် မော်တော်ယာဉ်ဂိုဏ်းများ ဖွင့်လှစ်၍ ၎င်းတို့ပိုင်ခရီးသည်တင်မှန်လုံယာဉ် ၁၆ စီးဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။



မလေးရှားရေပြင်သို့ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်သည့် ရွှေကောင်းသာစက်လေ့ကို တွေ့ရစဉ်။





ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။

မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ အဆင့်မြင့်ငါးစျေးသစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်

မော်လမြိုင် မတ် ၁၈

(၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ အဆင့်မြင့် ငါးစျေးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အဆင့်မြင့်ငါးစျေးသစ်၌ ကျင်းပသည်။

ဦးစွာ မွန်ရိုးရာယိမ်းအဖွဲ့နှင့် ကရင်ဒုံးယိမ်းအဖွဲ့တို့၏ ကပြဖျော်ဖြေတင်ဆက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး မွန်ပြည်နယ် သယံဇာတ ရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က အဆင့်မြင့်ငါးစျေးသစ် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြတ်အဏ္ဏဝါမင်း ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာက လုပ်ငန်းဆိုင်ရာ စာရင်းအချက်အလက်များကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရဝန်ကြီးများက အဆင့်မြင့်ငါးစျေးသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စျေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ငါးစျေးသစ် စီမံကိန်းပထမပိုင်းလုပ်ငန်းများအနေဖြင့် ငါးစျေးဆိုင်ခန်း ၆၀ နှင့်ကြက်စျေးဆိုင်ခန်း ရှစ်ခန်းတည်ဆောက်ခြင်း၊ အဝင်လမ်းကွန်ကရစ်ခင်းခြင်း၊ အများသုံးသန့်စင်ခန်း တည်ဆောက်ခြင်း၊ ရေရရှိရေး၊ Transformer တည်ဆောက်ခြင်းနှင့် ပြင်ပလျှပ်စစ်မီး ရရှိရေးတို့ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ယခုဖွင့်လှစ်ခဲ့သည့် မော်လမြိုင်



ငါးစျေးသစ်ကြီးအတွင်း အအေးခန်းစက်ရုံ လမ်းညွှန်မှုနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတည်ဆောက်ထားရှိရန် မွန်ပြည်နယ် အစိုးရအဖွဲ့၏ မည်ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေစဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မတ် ၁၈

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် နိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အီရတ်နိုင်ငံကို တွဲဖက်တာဝန်ယူဆောင်ရွက်သည့် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေစဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မမြတ်ဝတ်ရည်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် အီဂျစ်နိုင်ငံဆိုင်ရာ အီရတ်သံရုံးနှင့်လည်းကောင်း၊ အီရတ်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများဆိုင်ရာအဖွဲ့ (IOM) နှင့်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်က အီရတ်နိုင်ငံမှ Baghdad – Doha–Phnom penh – Yangon ခရီးစဉ် ဖြင့် ထွက်ခွာနိုင်ခဲ့ကာ မတ် ၁၇ ရက်ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။



နိုင်ငံတော် အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့က ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ်ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ – ကနူး

အင်လျားကန်ပေါင်ပေါ် လူငယ် ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၈

ရန်ကုန် တိုင်းဒေသကြီး ကမ္ဘာအေး ဘုရားလမ်းမပေါ်ရှိ အင်လျားကန်ပေါင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ် ၂၀ခန့်ကို အကြောင်းမဲ့ဖမ်းဆီး စစ်ဆေးခဲ့ပြီး ခြောက်ဦးခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်။



အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အသက်အရွယ်မရွေး ဖမ်းဆီးခေါ်ဆောင်ပြီး အတင်းအဓမ္မလူသစ်စုဆောင်းလျက်ရှိကြောင်း၊ ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် အထင်အမြင်လွဲမှားစေရန် အတွက် တရားမဝင်ပြည်ဖျက် မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❍ MNL–2 မှ

အသင်းသည် ယခုနိုင်ပွဲကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် အခြေအနေကောင်းလာပြီး W United အသင်းမှာမူ သုံးပွဲဆက်ရှုံးပွဲနှင့် အတူ အုပ်စုအဆင့်မှထွက်ရန် သေချာသွားပြီဖြစ်သည်။ Zan United အသင်းအတွက် အနိုင်ဂိုးများကို ၁၀၊ ၉၀ မိနစ်တွင် အောင်ကျော်နိုင်၊ ၁၄၊ ၃၀ မိနစ်တွင် ပြည့်စုံဦး၊ ၃၂ မိနစ်တွင် သန်းမြတ်စိုး၊ ၃၄ မိနစ်တွင် စိုင်းညီညီထွန်းတို့က သွင်းယူပြီး W United အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၂၀ တွင် ပြည့်ဟိန်းကျော်က သွင်းယူခဲ့သည်။

အမှတ်ပြည့်ရယူနိုင်ခဲ့

ညနေပိုင်းကျင်းပသည့်ပွဲတွင် Young Boy အသင်းက Asia Lion အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ Young Boy အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ကျော်ပြည့်စုံ၊ ၄၄ မိနစ်တွင် တင်ကိုကိုထွန်းနှင့် ၈၅ မိနစ်တွင် နိုင်လင်းတို့က သွင်းယူသည်။ Young Boy အသင်းသည် ယခုနိုင်ပွဲကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် အခြေအနေကောင်းသွားသည်။ အခြားပွဲတွင် Enjoy Brother အသင်းက Happy Friendship အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Enjoy Brother အသင်းသည် နောက်ကျဂိုးများဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဒုတိယမြောက်နိုင်ပွဲရရှိခဲ့သည်။ Enjoy Brother အသင်းအတွက် အနိုင်ဂိုးများကို လေးမိနစ်တွင် ရှိုင်းထက်အောင်၊ ၈၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် နေလင်းထွန်း၊ ၉၀+၃ မိနစ်တွင် အာကာငြိမ်းတို့က သွင်းယူပြီး Happy Friendship အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂရေဟမ်က သွင်းယူခဲ့သည်။

အုပ်စု (က) တတိယနေ့အပြီးတွင် Zan United အသင်းနှင့် Young Boy အသင်းတို့က ခုနစ်မှတ်စီ၊ Enjoy Brother အသင်းက ခြောက်မှတ်၊ Asia Lion အသင်းက သုံးမှတ်၊ Happy Friendship အသင်းက နှစ်မှတ် ရရှိထားပြီး W United အသင်းမှာမူ သုံးပွဲစလုံးရှုံးနိုမ့်ကာ အမှတ်မရသေးပေ။

အုပ်စု (ခ) တတိယနေ့ကို မတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းမြက်ခင်းတုကွင်း၌ နံနက် ၈ နာရီခွဲတွင် YRFA အသင်းနှင့် 10/Mon အသင်း၊ ညနေ ၄ နာရီတွင် TKG Hmawbi အသင်းနှင့် မြဇရာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း–ကိုညီလေး
ဓာတ်ပုံ–MNL

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၃-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၀၈၀	၃၁၉၅	၃၁၆၀	၃၀၉၅	၃၂၀၀	၃၂၁၅	၃၂၃၅	၃၁၅၀	၄၅၀၅	၃၄၄၅	၃၁၇၀	၃၁၇၀	၃၂၄၀	၃၂၀၅	၃၂၂၅	၃၄၅၅
95 Ron	၃၁၃၅	၃၂၅၀	၃၂၁၅	၃၁၅၀	၃၂၅၅	၃၂၇၀	၃၂၈၅	၃၂၀၅	၄၅၆၀	၃၅၀၀	၃၂၂၀	၃၂၂၅	၃၂၉၅	၃၂၆၀	၃၂၈၀	၃၅၃၅
HSD (500 ppm)	၂၆၅၅	၂၇၇၀	၂၇၃၅	၂၆၇၀	၂၇၇၅	၂၇၉၀	၂၈၁၀	၂၇၂၅	-	၃၀၂၀	၂၇၄၅	၂၇၄၅	၂၈၁၀	၂၇၈၀	၂၈၀၅	၃၀၆၀
HSD (50 ppm)	၃၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	၄၈၃၀	၃၆၅၀	၃၃၇၅	၃၃၇၅	၃၄၄၅	၃၄၁၀	၃၄၃၅	၃၆၉၀
HSD (10 ppm)	၃၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	-	၃၆၅၀	၃၃၇၅	၃၃၇၅	၃၄၄၅	၃၄၁၀	၃၄၃၅	၃၆၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၁၀၉	၃၀၀၁
95 Ron	၂၉၆၀	၃၀၅၃
HSD (500 ppm)	၂၄၉၀၇	၂၅၇၀၇
HSD (50 ppm)	၃၁၀၀	၃၂၀၀
HSD (10 ppm)	၃၁၀၀	၃၂၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဒုတိယဝန်ကြီး ဦးအေးထွန်း ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ မတ် ၁၅ ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပြီးစီးမှု၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်နှင့် ဆပ်သွားဖူးတော်ရှိ ရတနာပစ္စည်းများ ရောင်တော်ဖွင့်ခြင်းလုပ်ငန်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ငြမ်းစေတီ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ကုသိနာရုံမြို့ရှိ ကုသိနာရုံမြန်မာကျောင်းတိုက်၌ ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သင်္ဃမွေတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော အိန္ဒိယနိုင်ငံမှ ဆရာတော်နှစ်ပါးအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အိန္ဒိယနိုင်ငံ ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ သာဝတ္ထိမြန်မာဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသအမှူးပြုသော ပဉ်သံဃာဆရာတော်များ၊ သာသနာတော်ဆိုင်ရာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့ ကြွရောက်တော်မူကြပြီး ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဦး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၊ ကောင်စစ်ဝန်ချုပ် ဦးအောင်အောင်မျိုးသိမ်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘုရားဖူးခရီးစဉ်ရောက်ရှိနေကြသော မြန်မာနိုင်ငံသားဘုရားဖူးဇည့်သည်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ကုသိနာရုံကျောင်းဆရာတော်ကြီးထံမှ ဇည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သီရိလင်္ကာ ဗုဒ္ဓဝိဟာရကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒရတနအား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သံအမတ်ကြီးက နာလန္ဒာ တရုတ်ဗုဒ္ဓဘာသာကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မရတနအား သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး သာဝတ္ထိမြန်မာဇေတဝန်ကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယက အဖွဲ့အား ပြန်လည်ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက်၌ ကျင်းပခဲ့ရာ ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော် အမှူးပြုသော အိန္ဒိယနိုင်ငံ မြန်မာဘုန်းတော်ကြီးကျောင်း ၃၇ ကျောင်းမှ ဆရာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဝန်ကြီး၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော်က အဖွင့်ဩဝါဒကထာ မြွက်ကြားပြီး ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပရဒေသီသံဃနာယက ရွေးချယ်ရေး စည်းမျဉ်းဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆရာတော်များက ပရဒေသီ သံဃနာယက အဖွဲ့(စတုတ္ထအကြိမ်) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဥက္ကဋ္ဌ(၂)၊ အကျိုးတော်ဆောင်၊ တွဲဖက် အကျိုးတော်ဆောင်နှင့် အဖွဲ့ဝင်ဆရာတော် ခြောက်ပါးတို့ကို အဆိုပြုရွေးချယ်တင်မြှောက်ခဲ့ကြပြီး ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြင်းခြံမြို့၌ နွေရာသီ အခြေခံစာစီစာကုံး ရေးသားနည်းသင်တန်း ဖွင့်လှစ်

မြင်းခြံ မတ် ၁၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် နွေရာသီအခြေခံ စာစီစာကုံးရေးသားနည်း သင်တန်းကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်လှစ်

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီအားလပ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် စာစီစာကုံးရေးသားနည်းသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နေ့ထူးနေ့မြတ် အထိမ်းအမှတ်နေ့များအကြောင်းကို စာစီစာကုံးရေးသားနိုင်စေရန်နှင့် စာစီစာကုံးရေးသားနည်းမှ တစ်ဆင့် ဆောင်းပါး၊ ဝတ္ထုတိုများအထိ ရေးသားနိုင်စေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြောသည်။



အဆိုပါ နွေရာသီ အခြေခံစာစီစာကုံး ရေးသားနည်းကို အထက်တန်းကျောင်းအုပ် ဆရာမကြီး (ငြိမ်း) ဒေါ်တင်တင်လတ်က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ကျော်စွာ(မြင်းခြံ)

ပုဗ္ဗသီရိမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

ပုဗ္ဗသီရိ မတ် ၁၈

ကျောင်းသား ကျောင်းသူများ ပန်းချီအနုပညာကို စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် ရေးဆွဲနိုင်စေရန်ရည်ရွယ်၍ နွေရာသီအခြေခံ ပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၁၇ ရက်က ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဖွင့်လှစ်သည်။



ဦးစွာ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်ချယ်ရီအောင်သန်း(ချယ်ချယ်–YU)က သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

သင်ကြားပေးမည်

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀ အား အခြေခံကျသည့် မျဉ်းကြောင်း ရေးဆွဲနည်း၊ အလင်းအမှောင်၊ ပန်းချီပညာအယူအဆနှင့် ပန်းချီပညာ၏ အခြေခံ စည်းမျဉ်းစည်းကမ်းများကို သင်တန်းနည်းပြ ဒေါ်ချယ်ရီအောင်သန်း (ချယ်ချယ်–YU)က မတ် ၁၇ ရက်မှ ၁၉ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)

မိုင်းရှားမြို့၌ နွေရာသီအခြေခံအားကစားသင်တန်း ဆက်လက်သင်ကြားပို့ချ

မိုင်းရှား မတ် ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှားမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစားနည်း သင်တန်းကို မြို့မအားကစားကွင်း၌ မတ် ၁ ရက်မှ ၃၁ ရက်အထိဖွင့်လှစ်မည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက နည်းပြဆရာများက ၁၈ ရက်နေ့ မြောက်အဖြစ် ဆက်လက် သင်ကြားပို့ချလျက်ရှိသည်။



အဆိုပါ နွေရာသီအခြေခံ အားကစားနည်း သင်တန်းတွင် လူငယ်များအား အားကစားနည်း အခြေခံပိုင်ပိုင်နိုင်နိုင်နှင့် နည်းစနစ်မှန်ကန်စွာ ကစားတတ်စေနိုင်ရန် ရည်ရွယ်၍ နည်းပြဆရာ ၁၀ ဦးက ဘောလုံးအားကစား သင်တန်းတွင် ၉၈ ဦး၊ ပိုက်ကျော်ခြင်း ၄၀၊ ကြက်တောင်ရိုက် ၃၀၊ စားပွဲတင်တင်းနစ် ၃၀၊ Fitness dance အက ၇၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၆၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

သန်းလူ(ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်၌ စာစီစာကုံးရေးသားနည်း သင်တန်းဖွင့်လှစ်

မြောက်ဥက္ကလာပ မတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စာစီစာကုံး ရေးသားနည်းသင်တန်း ကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်မြမြဝင်းက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါ စာစီစာကုံး ရေးသားနည်းသင်တန်းကို ငါးရက်ကြာ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

ကယားပြည်နယ်ဝန်ကြီးချုပ် ဆေးကုသမှုခံယူနေသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများပေးအပ်

လွိုင်ကော် မတ် ၁၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ နယ်မြေခံ ခုတင်(၁၀၀) တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသို့ အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

အားပေးစကားပြောကြား

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် လွိုင်ကော်မြို့ နယ်မြေခံ ခုတင်(၁၀၀) တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များသို့ အာဟာရဖြည့်စွက်စာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုဝင်များ တစ်ဦးချင်းစီကို ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားသည်။

ထို့နောက် သီရိမင်္ဂလာစျေးသစ် အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရေနုတ်မြောင်းသွယ်တန်းမှု၊ အမှိုက်သိမ်းစနစ်နှင့် ယာဉ်ဝင်ထွက်သွားလာမှု စနစ်တကျဖြစ်စေရေး ဆောင်ရွက်မည့် အစီအမံများကို လိုက်လံရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က စျေးအတွင်းစျေးရောင်းချသူများနှင့် ပြည်သူများ ဝင်ထွက်သွားလာမှုလွယ်ကူရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အလေးထား ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ဆက်လက်၍ စျေးမျက်နှာစာတွင် ယာဉ်များ စနစ်တကျ ရပ်နားနိုင်ရန် ယာဉ်ရပ်နားကွင်း အဆင့်မြှင့်တင်ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကျောင်းသားများ On Job Training လုပ်ဆောင်နေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျောင်းသားများအား နည်းပညာကျွမ်းကျင်မှုစံနှုန်းများ ပြည့်မီစေရေးအပြင် ဗဟုဝါးတန်နှင့်ပြည့်စုံသော လူငယ်ကောင်းများဖြစ်စေရေး မွေးထုတ်ပေးရန်၊ ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်မြန်ဆန်စွာ အကျိုးပြုမည့် ကာလတို သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ရန် တိုက်တွန်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပညာသင်နှစ် အလိုက်၊ ဘာသာရပ်အလိုက် လျှပ်စစ်နည်းပညာ သင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်မှု နည်းပညာ သင်တန်း၊ သတ္တုပစ္စည်းထုတ်လုပ်မှု နည်းပညာ သင်တန်း၊ သုတနည်းပညာသင်တန်းတို့မှ ကျောင်းသား များ ကျောင်းတွင်း On Job Training ဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အုပ်စုဖွဲ့ကာ စိတ်ဝင်စား ပျော်ရွှင်စွာ ဆောင်ရွက်နေမှုများနှင့် စာကြည့်တိုက်တွင် နည်းပညာနှင့် သုတ၊ ရသစာအုပ်များကို လေ့လာဖတ်ရှုလျက်ရှိကြသော ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ On Job Training လုပ်ဆောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် ကျောင်းသားများထံ ဂုဏ်ပြုငွေ



များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရတနာ ဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဂဟေဆက်နည်းပညာသင်တန်းများအလိုက် သင်တန်းသားများ၊ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ အထောက်အကူပြု ပါဝင် ဆောင်ရွက်နိုင်သော မျိုးဆက်သစ်ဂဟေဆက် နည်းပညာရှင်များ ဆက်လက်ပျိုးထောင်ပေးရန်၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ် ကြောင်း တိုက်တွန်းပြောကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းကျောင်းတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ယနေ့အချိန်ထိ ဂဟေဆက်ကာလတို သင်တန်း အမျိုးအစားသုံးမျိုးကို ၁၄ ကြိမ် ဖွင့်လှစ်ခဲ့ရာ ဂဟေဆက်ကျွမ်းကျင်သင်တန်းဆင်း ၁၅၄ ဦး မွေးထုတ်နိုင်ခဲ့ပြီး ၁၂၁ ဦး အလုပ်အကိုင်များရရှိခဲ့ကာ သင်တန်းပြီးစီးကြောင်းလက်မှတ် (Completion Certificate)နှင့် NSSA ဖြေဆိုမှုအောင်မြင်ပါက NSSA အသိအမှတ်ပြုလက်မှတ်ကိုပါ ရရှိမည်ဖြစ်၍ လက်မှတ်နှစ်ခု ရရှိနိုင်သည်။

အဆိုပါ သင်တန်းကျောင်းတွင် အသုံးအများဆုံး သော ဂဟေဆက်အမျိုးအစားများအားလုံးကို သင်ကြားပေးခြင်း၊ ခေတ်မီ Welding Simulator စက်များဖြင့် သင်ကြားပေးခြင်း၊ ပြင်ပလုပ်ငန်းခွင်များနှင့်ကိုက်ညီမှုရှိသော ဂဟေဆက်နည်းပညာရပ်ကို အမှန်တကယ်တတ်မြောက်စေပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အဓိကထား ဆောင်ရွက်တတ်စေသော အလေ့အကျင့်ကောင်းများ ကို သင်တန်းကျောင်းမှ စနစ်တကျပျိုးထောင် သင်ကြားပေးခြင်း၊ အခမဲ့သင်တန်းများဖြစ်သည့် အပြင် ဆက်စပ်အဖွဲ့အစည်းများထံမှ သင်တန်းသား များအား လစဉ်ချီးမြှင့်ငွေများနှင့် On Job Training ဆိုင်ရာ ချီးမြှင့်ငွေများပေးသည့် အစီအစဉ်များရှိခြင်း စသည်တို့ကြောင့် ဂဟေဆက်နည်းပညာကို အမှန်တကယ်တတ်မြောက်လိုပြီး အလုပ်အကိုင်များ ရရှိလိုသည့် လူငယ်များတတ်ရောက်သင့်သည့် သင်တန်းကျောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဇေယျာသီရိမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့်ပျက်စီးခဲ့သောလမ်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော လမ်းများအား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ဇေယျာသီရိမြို့နယ် အတွင်း ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော ကျေးလက်လမ်းများအား ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ/ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်



ပြီးစီးမှု အခြေအနေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမင်းလတ်နှင့်အဖွဲ့ ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်အဆင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

တီးတိန်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အေးချမ်းစွာဖြေဆို

တီးတိန် မတ် ၁၈

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တီးတိန်စာစစ်ဌာနတွင် အင်္ဂလိပ်ဘာသာရပ်ကို ဖြေဆိုကြသည်။ ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် တာဝန်ရှိသူများက သွားရောက်ပြီး ဖြေဆိုကြသော ကျောင်းသား ကျောင်းသူ



များအား အေးချမ်းစွာဖြေဆိုနိုင်ရေး ကြိုးကြပ်ပေးကြသည်။

တီးတိန်မြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်ဘာသာရပ်ကို ယနေ့တွင် စာရင်းရှိ ၁၅၈ ဦးရှိပြီး ဖြေဆိုသူ ၁၄၈ ဦးရှိရာ ၉၃ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မိုးမိုး

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် နွေစပါးများစိုက်ပျိုး

ရန်ကုန် မတ် ၁၈

လယ်ယာစိုက်ပျိုးရေးကဏ္ဍများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီမရွေး သီးနှံမျိုးစုံစိုက်ပျိုးနိုင်ရေးအတွက် မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့် စုပ်ယူသုံးစွဲသောစနစ်ကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတွင် အကျိုးပြုစိုက်ဧက ၂၈၅၁၈ ဧကကို မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေးများ ပေးဝေလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် စိုက်ပျိုးရေးရရှိရေးနည်းလမ်း ခြောက်သွယ်အနက် (ရေအရင်းအမြစ်) အနေဖြင့် နည်းလမ်းနှစ်သွယ်ဖြစ်သည့် မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့် စုပ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မှော်ဘီမြို့နယ် အထက်စု (မြစ်ကျိုး)ကျေးရွာ မြောက်ဘက် သုည ဒသမ ၅ မိုင် (မြစ်ကျိုး)အကွာ လှိုင်မြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသော အထက်စု(မြစ်ကျိုး)မြစ်ရေတင်စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ယင်းစီမံကိန်းကို မကြာမီက ဖွင့်လှစ်ပေးနိုင်ခဲ့ကာ ယခုအခါ အကျိုးပြုစိုက်ဧက ၁၈၀၀ ကျော်ကို စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။



အကျိုးပြုစိုက်ဧက ၁၈၀၀ အတွင်းရှိ မြစ်ကျိုးကျေးရွာအုပ်စုရှိ ကျေးရွာငါးရွာနှင့် သရက်ချောင်းကျေးရွာအုပ်စုရှိ ကျေးရွာနှစ်ရွာတို့အတွက် စိုက်ပျိုးရေများ ပုံမှန်ရရှိရန် အကျိုးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် အထက်စု(မြစ်ကျိုး)၊ အောက်စု(မြစ်ကျိုး)၊ ဇီးတော၊ အမှောက်ဝဲ၊ ဆားဖြူစုကျေးရွာနှင့် အလယ်စု ဇီးဖြူကုန်းကျေးရွာများရှိ တောင်သူ ၂၁၅ ဦး၊ အိမ်ထောင်စု ၃၀၂ စုနှင့် လူဦးရေ ၁၀၁၇ ဦးတို့ကို အကျိုးပြုပေးသွားနိုင်မည်ဖြစ်သည်။

အဆိုပါ အထက်စု(မြစ်ကျိုး) လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်တွင် နွေစပါးစိုက်ဧက ၇၅၀ အား စိုက်ပျိုးရေများ ပေးဝေလျက်ရှိပြီး လာမည့်ဘဏ္ဍာနှစ်များတွင် ဧကပြည့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စောသိန်းဝင်း



စစ်တွေမြို့သို့ ဆန်နှင့်လူသုံးကုန်ပစ္စည်း ၁၄၂၈ ဒသမ ၄၃၆ တန် ရောက်ရှိ

စစ်တွေ မတ် ၁၈

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်၊ စက်သုံးဆီ၊ စားဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။ စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ကမ်း၌ အမ်ဗွီမိုးဟိန်းသင်္ဘောဖြင့် ဆန်၊ စားသောက်ကုန်မျိုးစုံနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိလာမှုကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းကသွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ပေါင်းစပ်ညှိနှိုင်း

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ကမ်းသို့သွားရောက်ပြီး အမ်ဗွီမိုးဟိန်းသင်္ဘောပေါ်မှ ဆန်နှင့် စားသောက်ကုန် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများအသုံးပြုကာ ကုန်တင်ကုန်ချပြုလုပ်နေမှုအား ကြည့်ရှုစစ်ဆေးကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ရောက်ရှိလာသော ကုန်ပစ္စည်းများအား စနစ်တကျအတင်အချပြုလုပ်နိုင်ရေး၊ ကုန်ပစ္စည်းများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ လိုအပ်မှုမရှိသောနေရာများသို့ မရောက်ရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အမ်ဗွီ မိုးဟိန်းသင်္ဘောတွင် ဆန်၊ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ စုစုပေါင်းတန်ချိန် ၁၄၂၈ ဒသမ ၄၃၆ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)





အာဆင်နယ်အသင်းက တိုက်စစ်မှူး ဘူကာယိုဆာကာအား စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် ဆွေးနွေးလျက်ရှိ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းဟာ အသင်းနဲ့အတူ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းနှစ်နှစ်သာ ကျန်ရှိတော့တဲ့ တိုက်စစ်မှူး ဘူကာယိုဆာကာကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့အတွက် ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဆာကာဟာ ဒီဇင်ဘာလအတွင်းက အာဆင်နယ်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီးကတည်းက အာဆင်နယ်အသင်းနဲ့အတူ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာလည်း အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ဘူကာယိုဆာကာဟာ ဘောလုံးရာသီတစ်ရာသီမှာ ပေါင် ၁၀ သန်း ဝင်ငွေရရှိနေတာဖြစ်ပြီး လက်ရှိစာချုပ်သက်တမ်းကလည်း ၂၀၂၆–၂၀၂၇ ဘောလုံးရာသီမှာ ကုန်ဆုံးမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ငွေကြေယ်

လျှပ်စစ်သုံး လုပ်ငန်းသုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မတ် ၁၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA NEOMOR D05 အမျိုးအစား လျှပ်စစ်သုံး လုပ်ငန်းသုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ သတင်းစဉ်



ONE 173 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦး တွဲဆိုင်းပါဝင်မည်

ရန်ကုန် မတ် ၁၈

ဩဂုတ် ၁ ရက်တွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည့် ONE 173 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦး တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

စိုးလင်းဦးသည် ဗြိတိန်ဖိုက်တာ ဟာရစ်ဆင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ဘင်တန်ဝိတ်တန်း မွေထိုင်းစိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ စိုးလင်းဦးသည် ယင်းပွဲအတွက် ပြင်ဆင်ချိန် လေးလကျော်ရရှိမည်ဖြစ်ပြီး နိုင်ပွဲပြန်လည်ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ စိုးလင်းဦးသည် ONE နှင့် ခြောက်ပွဲထိုးသတ်ထားရာ သုံးပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးထိုးသတ်သည့် သုံးပွဲစလုံး အမှတ်ဖြင့် ရှုံးနိမ့်ထားသဖြင့် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ စိုးလင်းဦးနှင့် ထိုးသတ်မည့် ဟာရစ်ဆင်သည် ONE နှင့် ခြောက်ပွဲထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ONE Championship





★ ကျောဖုံးမှ

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် "မင်းထွေး" ဓာတ်ပွဲသဘင်အဖွဲ့က ဦးဆောင်ပြီး မန်းရွှေစက်တော်ရာဘုရား ပွဲတော်ကာလ တပေါင်းပွဲတော်ညအဖြစ် အငြိမ့်ဓာတ်မင်းသား မင်းသမီးများ ဖြစ်ကြသော မင်းထွေး၊ ချောသိဂီချစ်စု (ကျောက်ပန်းတောင်း)၊ မေဘိုဘို၊ တေသံရှင်များ ဖြစ်ကြသော ချောကလက်၊ သူရိန်စိုး (လွှမ်းမိုးအလွမ်းပြေ)၊ နိုင်ငံကျော်ဟာသ (လူရွှင်တော်)အနုပညာရှင်များ ဖြစ်ကြသော စိန်ခဲ၊ ကံပွင့်၊ အောင်ဟိန်း၊ လန်းလန်းတို့နှင့်အတူ ရွှေခိုင်ဇော် မင်္ဂလာဆိုင်းတို့ဖြင့် တွဲဖက်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး၊ အပန်းဖြေလာရောက်ကြသူများအား မန်းရွှေစက်တော် ဘုရားပွဲတော် အထူးတံတားမုခ်၌ မတ် ၁၈ ရက်နှင့် ၁၉ ရက် (တပေါင်းလပြည့်ကျော် ၄ ရက်နှင့် ၅ ရက်နေ့) ညများတွင် နှစ်ညတိုင်တိုင် အခမဲ့ဧည့်ခံဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ထံမှ သိရသည်။

မန်းရွှေစက်တော် ဘုရားကြီးသည် တန်ခိုးကြီးဘုရားဖြစ်သည်နှင့်အညီ ထင်ရှားကျော်ကြားကာ မြန်မာနိုင်ငံအတွင်း၌ ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီး တစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

မန်းရွှေစက်တော် ဘုရားကြီးတွင် မြန်မာတို့၏ အထွတ်အမြတ်ထားရာ တပေါင်းလပြည့် အခါသမယ အစိုးရရုံးပိတ်ရက် ငါးရက်အပါအဝင် ဘုရားပွဲတော်စတင် ကျင်းပသည့်နေ့မှစ၍ ယနေ့အထိ ဘုရားဖူးရဟန်းရှင်လူ ခရီးသွားပြည်သူပေါင်း ၁၅၃၆၃ ဦးနှင့် ယာဉ်အစီးရေ ပေါင်း ၃၁၀၀ ကျော် လာရောက်ခဲ့ကြောင်း၊ မန်းရွှေစက်တော် ပွဲတော်ကျင်းပစဉ် ကာလတစ်လျှောက် တပေါင်းလအပြင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးချိန် (အခြေခံကျောင်းများဖြေဆိုပြီးချိန်)နှင့် မဟာသင်္ကြန် ရုံးပိတ်ရက်ကာလများတွင် နှစ်စဉ်နှစ်တိုင်း အထူးစည်ကားလေ့ရှိကြောင်း သိရသည်။ မောင်မောင်(မင်းဘူး)

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

ပျောက်ဆုံးကြောင်း

ဦးသန်းဌေး (ဘ) ဦးကံထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ရကန (နိုင်) ၀၀၇၉၁၆] ကိုင်ဆောင်သူ၏ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်စာအုပ်အမှတ် 1DB 0775087 သည် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖုန်း-၀၉-၆၈၂၉၆၃၇၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မ(အရှေ့)ရပ်ကွက်၊ ဦးဝိစာရလမ်းနှင့် အလုံလမ်းထောင့်၊ အမှတ်(၃၉၀) Grand Golden View Tower(II)၊ Basement+ ၆ခန်းတွဲ Rc (၁၀)ထပ်တိုက်၏ (Level-9)၊ အခန်းအမှတ် (9-D1)၊ဧရိယာ(2708) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Dagon International Limited ၏ (ကိုယ်စား) (ဒါရိုက်တာ) စီယူဟွန်း(ခ) ဒေါ်မိုးမြမြ [၁၂/ကမရ(နိုင်)၀၄၅၀၃၃၉၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးရန်နောင်စိုး [၁၂/မရက(နိုင်)၁၃၅၅၉၆၉၂]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရန်နောင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းစိုး LL.B, D.B.L, D.I.L, D.M.L, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)
Ph-09-450023651, 09-793568375
အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၈)၊ အောင်သီရိလမ်း၊ မြေကွက်အမှတ်(၇၁၄)ဟုခေါ်တွင်သော ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးချိုင်ကွေ(ခ)သီဟစိုးနှင့် ဒေါ်မိန်းရှအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှမေ [၁၂/လသယ(နိုင်)၀၅၀၁၃၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထန်မွန်မန် [၄/တစန(နိုင်)၀၀၈၆၉၀]သည် ၎င်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၇၁၄/ခ)ဟုခေါ်တွင်သည့် အကျယ်ပေ (၂၀×၆၀)အား ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုမှုအထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီရိဝင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၀၈/၂၂)
အမှတ်(၁၄၇)၊ ရဲရန်ပိုင်လမ်း၊ (၃၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၈၁၁၀၄

မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေခဲတပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိုး၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊မြေကွက်အမှတ်(၁၃၅)၊မြေကွက်တည်နေရာအမှတ်(၁၃၅)၊လင်းပင်လမ်း၊(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဒေါ်တင်မေ(CE-046037)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား၊ဒဂုံမြို့သစ်ခရိုင်တရားရုံး၊တရားမကြီးမှုအမှတ်-၁၁၀/၂၀၂၄ဖြင့် ဒေါ်ဝါဝါစိုးမှ(တရားလို)ပြု၍ဒေါ်တင်မေအပေါ် (တရားပြိုင်)ထားကာ "ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကိုမှတ်ပုံတင်ပေးစေလိုမှု" ဖြင့်စွဲဆိုခဲ့ရာအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဆိုပေးစေရန်စရိတ်နှင့်တကွအနိုင်ဒီကရီချမှတ်သည့်(၃၀-၉-၂၀၂၄)ရက်စွဲပါစီရင်ချက်နှင့်ဒီကရီ၊တရားမဇာရီမှုအမှတ်-၁၆၀/၂၀၂၄၏(၂၆-၁၂-၂၀၂၄)ရက်စွဲပါအမိန့်နှင့်နေ့စဉ်မှတ်တမ်း၊တရားရုံးကိုယ်စားမြေပုံမြေရာဇဝင်ကူးယူရန် အတွက်ဘီလစ်ခန့်အပ်ကြောင်း(၆-၁-၂၀၂၅)ရက်စွဲပါအကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ဘီလစ်အရာရှိဒေါ်ခင်ရွှေပလွှိင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်း အားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကို့ဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

၁၈-၃-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

စဉ်	နဝကမ္မ အမည်	အလှူငွေ (ကျပ်)	စဉ်	နဝကမ္မ အမည်	အလှူငွေ (ကျပ်)	စဉ်	နဝကမ္မ အမည်	အလှူငွေ (ကျပ်)
၉၉၉၀။	ကွယ်လွန်သူ ဦးသန်းတင်အားရည်စူး၍ ဒေါ်တင်နွယ်ရီ မိသားစုကောင်းမှု	၁၀၀၀၀၀၀	၁၀၀၀၇။	ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်အား ရည်စူး၍ ဇနီးဒေါ်ရီရီညွန့်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၂၇။	ဗိုလ်မှူးကြီးစောရန်အောင်နှင့်ဇနီး ဒေါ်ကေသွယ်သန်း မိသားစုကောင်းမှု	၅၀၀၀၀
၉၉၉၁။	ဦးသိန်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၅၀၀၀၀၀	၁၀၀၀၈။	ဒေါ်မေယဉ်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၂၈။	ကွယ်လွန်သူ ဗိုလ်ကြီးအောင်ဇော်ထွန်းအား ရည်စူး၍ ဇနီးဒေါ်မေသန်း၌းကောင်းမှု	၅၀၀၀၀
၉၉၉၂။	ဒေါ်သန်းသန်းချိုမိသားစုကောင်းမှု	၅၀၀၀၀၀	၁၀၀၀၉။	ဦးသီဟအောင်နှင့်ဇနီး ဒေါ်ဖြိုးလွဲဇော်၊ (သား)မောင်သွင်ထူးဇွဲခန့်(၂)နှစ်ပြည့်မွေးနေ့ကောင်းမှု	၁၀၀၀၀၀	၁၀၀၂၉။	ဦးလင်းဇော်ထွန်းနှင့်ဇနီး ဒေါ်ခင်သူဇာလှိုင်၊ (သမီး)မသီရိဆင့်၊ မသီရိတင့်မိသားစုကောင်းမှု	၅၀၀၀၀
၉၉၉၃။	ဒေါ်သန်းသန်းအိမိသားစုကောင်းမှု	၄၀၀၀၀၀	၁၀၀၁၀။	ဦးခွန်မြင့်အောင်မိသားစုကောင်းမှု	၁၀၀၀၀၀			
၉၉၉၄။	ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မြချို (သား)မောင်ဇေယျာဝင်းမိသားစုကောင်းမှု	၃၀၀၀၀၀	၁၀၀၁၁။	ဦးစိန်ထွန်းအောင်နှင့်ဇနီး ဒေါ်သစ်သစ်သိန်း၊ (သမီး)မဟေမာန်ထူးအောင်၊(သား)မောင်ပြည့်ဖြိုးအောင် မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၀။	ဦးသန့်ဇော်မင်းနှင့်ဇနီး ဒေါ်လွင်လွင်မာမိသားစုကောင်းမှု	၅၀၀၀၀
၉၉၉၅။	ကွယ်လွန်သူရှေ့နေကြီးဦးစိန်ရွှေအားရည်စူးပြီး ဒေါ်စန်းစန်းရီအား အမှူးထား၍ ဗိုလ်မှူးဖြိုးစည်သူဝင်း နှင့်ဇနီး ဒေါ်ခင်မမ၊(သမီး)မရွှေပြည့်အိမ်၊ မရတနာပြည့်အိမ်မိသားစုကောင်းမှု	၃၀၀၀၀၀	၁၀၀၁၂။	မိဘများအား ရည်စူး၍ ဒေါ်သဇင်၊ ဒေါ်စံပယ်၊ ဦးဝင်းလှိုင်၊ ဦးမြတ်ထွန်းစံ၊(မြေး)မသင်းအိအိဝင်းမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၁။	ဒေါ်သန်းကြည်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၅၀၀၀၀
၉၉၉၆။	ကွယ်လွန်သူ ဦးရွှေဇံနှင့်ဒေါ်အေးရီတို့အာရည်စူး၍ သမီးကြီးဒေါ်အေးမြင့်ကြည်နှင့် မောင်နမများကောင်းမှု	၂၀၀၀၀၀	၁၀၀၁၃။	ဦးမျိုးမင်းခိုင်နှင့်ဇနီး ဒေါ်သင်းသင်းလှိုင်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၂။	ဦးစန်းအောင်မိသားစုကောင်းမှု	၅၀၀၀၀
၉၉၉၇။	ဦးကျော်ရွှေနှင့် ဒေါ်သန်းဝင်းမိသားစုကောင်းမှု	၂၀၀၀၀၀	၁၀၀၁၄။	ဒေါ်တင်တင်အေးနှင့် ဒေါ်မြင့်မြင့်သိန်းမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၃။	ဦးမောင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုကောင်းမှု	၅၀၀၀၀
၉၉၉၈။	နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးကျော်ခိုင်ဝင်း နှင့်ဇနီး ဒေါ်ကြည်ခိုင်မိသားစုကောင်းမှု	၁၅၀၀၀၀	၁၀၀၁၅။	ဦးဌေးထူးမွန်ရဲနှင့်ဇနီး မလွင်ဇာသောင်း မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၄။	ဦးကျော်ရှိန်နှင့်ဇနီး ဒေါ်နီနီစိုး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၅၀၀၀၀
၉၉၉၉။	ဒေါ်တင်အုန်းမိသားစုကောင်းမှု	၁၁၀၀၀၀	၁၀၀၁၆။	ဦးကျော်ဌေးဦးနှင့်ဇနီး ဒေါ်သိန်းသိန်းဝင်း၊ (သား)မောင်စိုးရန်နိုင်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၅။	ဦးအောင်ထွဋ်နှင့်ဇနီး ဒေါ်ဘောဘီစန်းမိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၀။	မိဘများဖြစ်ကြသော ဦးသန်းရှိန်နှင့် ဒေါ်သိန်းဌေးတို့အား အမှူးထား၍ ဗိုလ်မှူးကြီးချစ်ညွှန့်ကောင်းမှု	၁၀၀၀၀၀	၁၀၀၁၇။	ကွယ်လွန်သူမိဘများအား ရည်စူး၍ ဦးကျော်ဦးနှင့်ဇနီး ဒေါ်ရင်ရွှေတီမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၆။	ဒေါ်ကြူငြိမ်းလှိုင်မိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၁။	ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၁၈။	ဦးစောမောင်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၇။	ဦးသောင်းရွှေနှင့်ဇနီး ဒေါ်သိန်းမေ(မြေး) မမေခြူးခြူးစံ မိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၂။	ဦးကျော်ကျော်နိုင်နှင့်ဇနီး ဒေါ်ကြည်သာငြိမ်းချမ်း၊ (သမီး)မမှုံနှံသာခင်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၁၉။	ဦးကျော်သူရနှင့်ဇနီး ဒေါ်ဝေဇင်အောင်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၈။	ဒေါက်တာသူလွင်ထွန်းနှင့်ဇနီး မအိအိခင်၊ (သမီး)မမြတ်နိုးသူ၊ မောင်မင်းခန့်သူမိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၃။	ဦးမြင့်စိုးမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၂၀။	ဒေါ်ခင်သန်းဝင်းမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၃၉။	ကွယ်လွန်သူ ဦးမြင့်အား ရည်စူး၍ ဒေါ်အမာ မိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၄။	ဦးဇော်လင်းထွန်းနှင့်ဇနီး ဒေါ်ကြည်သာငြိမ်းချမ်း၊ (သမီး)မမှုံနှံသာခင်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၂၁။	ဦးအောင်မြင့်လွင်နှင့်ဇနီး ဒေါ်ဖြူဖြူအေးမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၄၀။	ကိုဝေယံနှင့်ဇနီး မဇင်မိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၅။	ဦးမြင့်စိုးမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၂၂။	ဦးပြည်လင်းသိန်းနှင့်ဇနီး ဒေါ်ဆုရည်မွန်မိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၄၁။	ဒေါ်မြရီမိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၆။	ဦးအေးကျော်နှင့်ဇနီး ဒေါ်ကျော့ကျော့ခိုင်၊ (သား)မောင်ဇေယျာဝိုးမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၂၃။	ဦးနေလင်းထွန်းနှင့်ဇနီး ဒေါ်အေးအေးဖြူမိသားစုကောင်းမှု	၉၅၀၀၀	၁၀၀၄၂။	ဒေါ်ဇာဇာမြင့်မိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၇။	ဦးရဲလှနှင့်ဇနီး ဒေါ်စောအေးမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၂၄။	မဖြူစင်သန့်နှင့် မအိအိဖြိုးကောင်းမှု	၆၈၃၀၀	၁၀၀၄၃။	ဦးသိန်းဇော်နှင့်ဇနီး ဒေါ်ကံတာယုယုမိသားစုကောင်းမှု	၅၀၀၀၀
၁၀၀၀၈။	ဦးအေးကျော်နှင့်ဇနီး ဒေါ်ကျော့ကျော့ခိုင်၊ (သား)မောင်ဇေယျာဝိုးမိသားစုကောင်းမှု	၁၀၀၀၀၀	၁၀၀၂၅။	မအေးအေးမြင့် မိသားစုကောင်းမှု	၆၀၀၀၀	၁၀၀၄၄။	ဦးမြတ်ထွန်းနှင့်ဇနီး ဒေါ်ကြူကြူမိသားစုကောင်းမှု	၅၀၀၀၀
			၁၀၀၂၆။	အကယ်ဒမီအောင်ခိုင်နှင့်ဇနီး အကယ်ဒမီဝါဝါအောင် အိမ်ထောင်သက်(၁၉)နှစ်ပြည့်ကောင်းမှု	၅၄၀၀၀			

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအား လည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၅၄၈၊ ၀၉-၂၅၅၈၂၅၁၁၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

